# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၃၀၅)


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV) ပြပွဲဖွင့်ပွဲ ပြည်သူ့ရင်ပြင်၌ စည်ကားစွာကျင်းပ

ရန်ကုန် ဩဂုတ် ၄

၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV) ပြပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူရင်ပြင်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၃ ခုနှစ် မိုးရာသီ ဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲကို စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် စက်မှုဇုန်ကော်မတီဥက္ကဋ္ဌများက လည်းကောင်း၊ လျှပ်စစ် (EV) ကားပြပွဲကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် တာဝန်ရှိသူများကလည်းကောင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆

# မဲဇလီရေလွှဲဆည်ရေဖြင့် မိုးစပါးသီးနှံ ဧက ၂၉၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် မိုးစပါးသီးနှံ လျာထားဧက ပြည့်မီစေရေးအတွက် ဇူလိုင်လဆန်းကစပြီး ကြိုးပမ်းစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ မိုးစပါးသီးနှံ ၂၉၃၄၉ ဧက စိုက်ပျိုးဆောင်ရွက် ပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေရေးအတွက် မိုးစပါးသီးနှံ စိုက်ဧက ၆၉၄၃၃ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးပြီးစီးစေရေး မဲဇလီရေလွှဲဆည်ရေဖြင့် ဇူလိုင်လဆန်းကစပြီး မိမိတို့၏ လယ်ယာမြေများအား တောင်သူ

စာမျက်နှာ ၄ ကော်လံ ၁ ❖



မဲဇလီရေလွှဲဆည်ရေဖြင့် မိုးစပါးများ စိုက်ပျိုးစဉ်။


**ယနေ့ ဖတ် စ ရာ**

အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ကမ္ဘည်းမော်ကွန်းတင်အပ်ပါသည် — ပြည်တွင်းသတင်း — စာ ၃

ကိုယ်ဖော်တဲ့ဆေး ကိုယ်ပြန်စား လူ့အခွင့်အရေး ညစ်လုံးအောက်က လူနည်းစုများ — ဆောင်းပါး — စာ ၆



စက်တင်ဘာလကုန်ထိ ရေနံထုတ်လုပ်မှု ဖြတ်တောက်ခြင်းကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ဆော်ဒီကြေညာ — နိုင်ငံတကာသတင်း — စာ ၁၃

ကိုယ်ကျင့်သီလပြည့်စုံသည့် ဝန်ထမ်းကောင်းများဖြစ်စေရေး — ဆောင်းပါး — စာ ၁၆



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဩဂုတ်လ ၈ ရက်မှ ၁၆ ရက်အထိ အခမဲ့ဖူးမြော်ခွင့်ပြုသွားမည်

**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားများကို ဩဂုတ် ၁ ရက်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်ထားရှိပြီး ဘုရားဖူးလာပြည်သူများ အနားယူနိုင်ရန်နှင့် ရုပ်ပွားတော်မြတ်ကြီးအား စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရန် ဂန္ဓကုဋီတိုက်များ၊ သုခမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးနှင့် ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်းလေ့လာနာယူကြည်ညိုနိုင်ရေး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များထွင်းထု၍ ကျောက်စာရုံစေတီ ၇၂၀ ကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိပါသည်။

ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားများ ပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် မဏ္ဍပ်တော်များနှင့် အသုံးအဆောင်ပစ္စည်းများကို ပြန်လည်သိမ်းဆည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ်လ ၈ ရက်နေ့မှစ၍ ၁၆ ရက်နေ့အထိ လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ကာ အခမဲ့ဝင်ရောက်ဖူးမြော်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနိူးဆော်အပ်ပါသည်။

သတင်းစဉ်

---

## ရေကြီးရေလျှံအန္တရာယ် သတိပြုဆောင်ရွက်ဖွယ်များ

မိုးအများအပြားရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် မြစ်ရေ၊ ချောင်းရေများ မြင့်တက်လာကာ မြို့၊ ရွာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သတင်းများအရ သိရှိရသည်။ အချို့မြို့နယ်တို့တွင် ယာယီရေဘေးရှောင်ပြောင်းရွှေ့ရခြင်း၊ အချို့မြို့နယ်များတွင်လည်း ရေဘေးအန္တရာယ်ကျရောက်လာပါက ရေလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် ဆော်ဩခြင်း၊ အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းများ ပြုလုပ်လျက်ရှိကြောင်းလည်း သိရသည်။

မုတ်သုံရာသီအားကောင်းသည့်ကာလတွင် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ထူးခြားမှုများဖြစ်ပေါ်လာပါက မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ သတင်းနှင့် သတိပေးချက်များ ထုတ်ပြန်ပေးလျက်ရှိသည်ကို ဂရုပြုကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း အချို့ဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေကြီးမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို သက်ဆိုင်ရာမြို့များအလိုက် တိုင်းထွာထုတ်ပြန်ပေးလျက်ရှိပြီး ယင်းမြို့နယ်များအတွင်း မြစ်ကမ်းအနီးနေထိုင်သူများ၊ မြေနိမ့်ပိုင်းတွင် နေထိုင်သူများ အထူးသတိပြုနေထိုင်ကြရန်လည်း မိုး/ဇလ က အကြံပြုပေးလျက်ရှိသည်။

မြို့ပြဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာတာဝန်ရှိသူများက အကြံပြုပါက မြေနိမ့်ပိုင်းတွင် နေထိုင်သူများ ဘေးကင်းရာသို့ ရွှေ့ပြောင်းရန်၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားရန်၊ ဆေးလိပ်သောက်ခြင်း၊ ဖယောင်းတိုင်များ၊ မီးအိမ်များအသုံးပြုခြင်းမှ ရှောင်ကြဉ်ရန်၊ ရေကို ကျိုချက်ပြီးမှသောက်ရန် (သို့မဟုတ်) ကလိုရင်းခတ်ထားသောရေကို အသုံးပြုရန်၊ ရေကြီးရေလျှံထားသောရေများနှင့်ထိတွေ့ထားသော အစားအစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ရန်၊ ရေကြီးရေလျှံသောနေရာများသို့ ဝင်ရောက်ခြင်း (သို့မဟုတ်) ရေမြုပ်နေသောနေရာများကို ကားဖြင့် ဖြတ်သန်းမောင်းနှင်ခြင်းမှ ရှောင်ကြဉ်ရန်၊ အဖုံးပွင့်နေသော မြောင်းပေါက်များ(သို့မဟုတ်) ရေကြီးရေလျှံနေသော ရေထွက်ပေါက်များကို သတိထားရန်နှင့် မတော်တဆမှုများ မဖြစ်စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံ ချက်ချင်းသတင်းပို့ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားသည်။

ရေကြီးရေလျှံပြီးနောက်တွင် ရေကြောင့်ဖြစ်သော ရောဂါများဖြစ်သည့် အူရောင်ငန်းဖျားရောဂါ၊ အဖျားရောဂါနှင့် လက်ပ်တိုစပိုင်ရိုးစစ်(Leptospirosis) ရောဂါများ၊ ခြင်ကြောင့်ဖြစ်သော ကူးစက်ရောဂါများဖြစ်သည့် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးတို့ကို သတိထားရမည်ဖြစ်သည်။ ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဘေးကင်းသောအရင်းအမြစ်မှ ရရှိလာသည့် ရေကိုသာသောက်ရန်၊ သိုလှောင်ထားသော ရေကို အသုံးမပြုမီ လက်ကို သန့်ရှင်းစင်ကြယ်စေရန်၊ အစားအစာများကို ကောင်းမွန်စွာချက်ပြုတ်ပြီး စိတ်ချရသော အပူချိန်တွင် သိမ်းဆည်းရန်၊ အစားအသောက်အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ရန်၊ အစာမစားမီနှင့် အိမ်သာတက်ပြီးနောက်တွင် လက်ကိုစင်ကြယ်စွာဆေးကြောရန်၊ ရေကြီးရေလျှံနေသော ရေထဲတွင် ကလေးငယ်များ လမ်းလျှောက်ခြင်း၊ ဆော့ကစားခြင်းမပြုစေရန်၊ ခြင်ပေါက်ပွားမှုမရှိစေရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ရေမဝပ်စေရေး ဆောင်ရွက်ရန်၊ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါများ ကာကွယ်ရန်အတွက် ခြင်ထောင်ဖြင့်အိပ်စက်ရန်၊ ဖျားနာမှုရောဂါလက္ခဏာများဖြစ်ပေါ်လာလျှင် ဆရာဝန်ထံပြသရန်အတွက်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားသည်။

ရေကြီးရေလျှံမှုများဖြစ်ပေါ်သည့် ယခုကာလတွင် ပုံမှန်ရေကြီးရေလျှံခြင်းအပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်သည့် လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့ကိုလည်း သတိပြုကြရန်လိုသည်။ လျှပ်တစ်ပြက်ရေကြီးခြင်းသည် ရှောင်တိမ်းရန် အချိန်နည်းပါးသည့်အတွက် ညအချိန်များတွင်ပါ ဂရုပြုနေထိုင်ကြရမည်ဖြစ်ပြီး အန္တရာယ်ရှိသည့် မြစ်ချောင်းများအနီးနှင့် မြေပြိုနိုင်သည့်နေရာများတွင် နေထိုင်ပါက ခေတ္တရှောင်တိမ်းနေထိုင်ကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်များ၊ သတိပေးချက်များ၊ နှိုးဆော်ချက်များနှင့် အကြံပြုချက်များကို လိုက်နာဆောင်ရွက်ခြင်း၊ သဘာဝဘေးကျရောက်လာပါက သက်ဆိုင်ရာတာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုများတွင် လိုက်နာဆောင်ရွက်ကြရန်နှင့် သဘာဝဘေးဖြစ်ပွားပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်မှုများတွင်လည်း ပူးပေါင်းပါဝင်ပေးကြပါရန် နှိုးဆော်လိုက်ရပါကြောင်း။ ။

---

ကျန်းမာရေးဝန်ကြီးဌာန

"အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ"

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

---

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဩဂုတ် ၄** – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**မိုး/ဇလ**



# အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ကမ္ပည်းမော်ကွန်းတင်အပ်ပါသည်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှု ဖြစ်စေရန်** ရည်သန်လျက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဥာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်ခဲ့ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူ ပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများကို ဩဂုတ် ၁ ရက်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဩဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရန်အတွက် စကျင်ကျောက်တုံးတော်ကြီးကို စတင်လှူဒါန်းခဲ့သည့် အလှူရှင်မိသားစုနှင့်တကွ တပ်မတော်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည့် အလှူရှင်များအပါအဝင် ကျေးဇူးတင်အသိအမှတ်ပြုထိုက်သည့် အောက်ပါဆပ်ကော်မတီများအသီးသီးမှ တာဝန်ရှိသူ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အပေါင်းတို့အား ကျေးဇူးတင်စွာ ကမ္ပည်းမော်ကွန်းတင်ဂုဏ်ပြုအပ်ပါသည်-

(က) မန္တလေးမြို့၊ ဇနီးမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့

(ခ) စကျင်ကျောက်တော်ကြီးထုတ်လုပ်ရေးနှင့် သယ်ယူပင့်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆက်စပ်ဆောင်ရွက်ခဲ့သည့် Anglo Mining Co.,Ltd နှင့် Two Elephant Trading Co.,Ltd

(ဂ) တည်ဆောက်ရေးလုပ်ငန်းကော်မတီ

(ဃ) ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ

(င) ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းပြုစုရေးလုပ်ငန်းကော်မတီ

(စ) လုပ်ငန်းစစ်ဆေးရေးကော်မတီ

(ဆ) ဘာသာရေးအခမ်းအနားများ ကျင်းပရေးလုပ်ငန်းကော်မတီ

(ဇ) နည်းပညာအထောက်အကူပြုကော်မတီများနှင့် ဦးစီးကော်မတီ၊ ဆပ်ကော်မတီများ

၃။ ထို့အပြင် ဆင်းတုတော်ကြီးထုဆစ်နိုင်ရေး ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့မှ သယ်ယူပင့်ဆောင်နိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီးတွင် မပါဝင်ခဲ့သော်ငြား ဘာသာသာသနာအကျိုးရည်မျှော်ကိုးလျက် လုပ်ငန်းစဉ်ကာလအတွင်း လိုအပ်သောအကူအညီများပေးခဲ့ကြသော ဒေသခံပြည်သူလူထုများနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအောင်မြင်စွာ တည်ထားကိုးကွယ်နိုင်ရန် ကျရာကဏ္ဍ အသီးသီး၌ နေ့ညမနား စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြပါသော တပ်မတော်သားအင်ဂျင်နီယာပညာရှင်များနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အသိပညာရှင် အတတ်ပညာရှင်များ၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ အရာရှိ၊ အရာခံ အကြပ်စစ်သည်များနှင့် အခြားသော သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်တကွ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရန် စေတနာသဒ္ဓါတရား ထက်သန်စွာအလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည့် လုပ်ငန်းရှင်ကြီးများ၊ ၇ ရက်သားသမီး စေတနာရှင်၊ အလှူရှင်များ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားများသို့ ကြွရောက်လာခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပမှ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ အပါအဝင် ဘာသာသာသနာတော်ပြန့်ပွားရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်သယ်ပိုးခဲ့ကြသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် အစရှိသူ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ကမ္ပည်းမော်ကွန်းတင်ဂုဏ်ပြုအပ်ပါသည်။

၄။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ သာသနာ့ပရိဝုဏ်အတွင်း၌ ထေရဝါဒ ဗုဒ္ဓသာသနာ၏အနှစ်ချုပ်ဖြစ်သော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံကို ပါဠိ မြန်မာ၊ ပါဠိရိုမန်အက္ခရာ (၂) မျိုးဖြင့် ခိုင်မာသောကျောက်စာ စိုက်ထူရေးထိုးနိုင်ရေးနှင့် ကမ္ဘာသို့ပြန့်ပွားစေရေးအတွက် နိုင်ငံတကာကျမ်းစာများအဆင့်မီ ရိုက်နှိပ်ထုတ်ဝေနိုင်ရေးအလို့ငှာ လိုအပ်သောအထောက်အထားများနှင့် မှန်ကန်မှုရှိစေရေး စိစစ်တည်းဖြတ်ပေးခဲ့ကြပါသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အပေါင်းတို့ကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

၅။ ဩဂုတ် ၁ ရက်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်း လောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးဦးဆောင်ဖြင့် ကြီးမှူးဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်ဩဝါဒါစရိယ သောဋသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသည့် ဩဝါဒါစရိယဆရာတော်ကြီးများ၊ မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ၊ သာသနာရေးဆိုင်ရာကိစ္စရပ်များနှင့် အခမ်းအနားများတွင် ညှော့ခံပူဇော်ပေးပါသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများမှ တာဝန်ရှိသူများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းမိသားစုများ၊ မဟာမင်္ဂလာအခမ်းအနားများ ပါဝင်တက်ရောက် ကြည်ညိုကြသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် ညှော့ပရိသတ်အပေါင်း အစရှိသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ကမ္ပည်းမော်ကွန်းတင်ဂုဏ်ပြုအပ်ပါသည်။

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်၊ မုစလိန္ဒနဂါးရုံဘုရား၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးနှင့် ကျောက်စာရုံစေတီတော်များ တည်ထားကိုးကွယ်ရေးနာယကအဖွဲ့**

# ရသင့်ရထိုက်သည့် အခွန်ငွေများ လျော့နည်းလွတ်ကင်းမှုမရှိဘဲ သက်ဆိုင်ရာ အခွန်ဥပဒေများနှင့်အညီ ပြည့်ပြည့်ဝဝကောက်ခံနိုင်ရေး ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၄**

နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ငွေများ လျော့နည်းလွတ်ကင်းမှုမရှိဘဲ ဥပဒေနှင့်အညီ အပြည့်အဝကောက်ခံရရှိနိုင်ရေး အခွန်ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့သည့် မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၇၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြို့နယ်အခွန်ဦးစီးဌာနမှူးများအနေဖြင့် သင်တန်းတွင် ပို့ချပေးခဲ့သည့် အခွန်ဆိုင်ရာ ဘာသာရပ်များကို လေ့လာမှတ်သား၍ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး အဓိကတာဝန်ဖြစ်သော နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ လျော့နည်းလွတ်ကင်းမှုမရှိဘဲ သက်ဆိုင်ရာ အခွန်ဥပဒေများနှင့်အညီ ပြည့်ပြည့်ဝဝကောက်ခံနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အခွန်လျှော့ပေါ့ခွင့်၊ အခွန်သက်သာခွင့်ပြုခြင်းများနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ အထူးသတိပြုဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အခွန်အခြေတိုးချဲ့နိုင်ရန် ဖြစ်နိုင်ခြေရှိယာများကို ရှာဖွေဖော်ထုတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခွန်ထမ်းပြည်သူများက တာဝန်သိစွာ ပေးဆောင်သော အခွန်ငွေများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ ဆက်သွယ်ရေး၊စိုက်ပျိုးရေး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများအပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိရှိ ခွဲဝေသုံးစွဲဆောင်ရွက်နေသည်ကို အခွန်ထမ်းပြည်သူများ သိရှိနားလည်လာအောင် အသိပညာပေးစည်းရုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနဝန်ထမ်းများအနေဖြင့် စိတ်ဓာတ် စည်းကမ်းကောင်းမွန်ရန်နှင့် ဌာန၏ ဂုဏ်သိက္ခာ မြင့်မားလာရေးအတွက် အားလုံးက စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ရှင်းလင်းလွယ်ကူသော အခွန်စနစ်များ ကျင့်သုံး ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနကို ပွင့်လင်းမြင်သာမှုရှိသည့် ခေတ်မီသော အခွန်ဌာနတစ်ခုဖြစ်လာစေရန် ဦးတည်အကောင်အထည်ဖော်လျက်ရှိရာ ယင်းလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် သင်တန်းသား/သင်တန်းသူများ အပါအဝင် အခွန်ဝန်ထမ်းများ အားလုံးတက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

**ရှစ်ပတ်ကြာဖွင့်လှစ်**

သင်တန်းတွင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သောအခွန်ငွေများကို ကောက်ခံရာ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေ၊ တံဆိပ်ခေါင်းခွန်ဥပဒေဆိုင်ရာကိစ္စရပ်များ၊ ဆက်စပ်သည့် ဥပဒေပြဋ္ဌာန်းချက်များ၊ အောင်ဘာလေသိန်းဆုခွန်နှင့် စပ်လျဉ်းသည့် ညွှန်ကြားလွှာများ၊ အခွန်ကောက်ခံမှုနှင့် စပ်လျဉ်းသည့် စီမံရေးရာ၊ ငွေစာရင်းနှင့် အခွန်စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အခွန်မူဝါဒနှင့် သုတေသနဆိုင်ရာကိစ္စရပ်များ၊ အခွန်ကောက်ခံမှုဆိုင်ရာ သတင်းအချက်အလက် ရှာဖွေစုဆောင်းခြင်းနှင့် နည်းပညာအသုံးပြု အခွန်ကောက်ခံသည့် စနစ်များကို ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး ပြည်တွင်းအခွန်များ ဦးစီးဌာနမှ သင်တန်းသား/သင်တန်းသူ ၈၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်ရှိ မိုးစပါးစိုက်ကွင်းများကို ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဩဂုတ် ၄

**ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံစေရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ကွင်းများကို ဩဂုတ် ၂ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။**



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စက်မှုရပ်ကွက် ဗလမင်းထင်စံပြစိုက်ကွက် ဧက ၁၀၀ တင်း ၁၀၀ စိုက်ကွင်းအတွင်း မန်ခိန်ကွင်းနှင့် တပ်ကုန်းကွင်းတို့တွင် အထွက်တိုးဆင်းဧကရီ-၃ မိုးစပါး စိုက်ပျိုးနေမှုအခြေအနေများ၊ စိုက်ပျိုးပြီးစီးသည့်လယ်ကေများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါစံပြစိုက်ကွက်အတွင်း မိုးစပါးအပြင် သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေလုံလောက်ဖူလုံမှုရှိစေရေး၊ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် အင်ဂျန်းခချောင်း ပြန်လည်တူးဖော်ပေးထားခြင်းနှင့် ဆိုလာစနစ်စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးထားမှုအပေါ် တောင်သူကိုယ်တိုင် စိုက်ပျိုးရေအသုံးချမှုစီမံခန့်ခွဲနိုင်ရေးအတွက် ပညာပေးစည်းရုံးဆောင်ရွက်နိုင်ရေး၊ လယ်မြေကျူးကျော်မှုများကို ဥပဒေအရအရေးယူနိုင်ရေး၊ သီးထပ်သီးနှံများအတွက် စိုက်ပျိုးရေသွင်းအားစုများ ထောက်ပံ့ပေးနိုင်ရေး၊ ဒေသခံတောင်သူများ ဝင်ငွေတိုးပွားရန် အင်ဂျန်းခချောင်းအတွင်း ငါးသားပေါက်နှစ်သိန်းစိုက်ထည့်နိုင်ရေး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာ၌ ပြည်နယ်ရန်ပုံငွေဖြင့် ဖော်ထုတ်ပေးခဲ့သော စနစ်ကျစက်မှုလယ်ယာ ဧက ၁၀၀ စိုက်ကွင်းအတွင်း ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေများနှင့် စိုက်ပျိုးရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးပြီး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မုတ်လွဲကွင်းအတွင်း မော်ဘီ (၂) စီးပွားဖြစ်မျိုးစေ့မျိုးထုတ်လုပ်ခြင်း စံပြကွက်စိုက်ပျိုးဆောင်ရွက်ထားရှိမှုနှင့် ယင်းစိုက်ကွင်းရှိ လယ်ကေများအားလုံး စိုက်ပျိုးထုတ်လုပ်နိုင်မှုအခြေအနေ၊ သာဂရကျေးရွာ၌ စီးပွားဖြစ် မျိုးသန့်မျိုးစပါး စံပြကွက် စိုက်ပျိုးထားရှိမှုနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ခေါ်ရှိကျေးရွာ၌ ဆင်းကေရီ - ၃ မျိုးစပါးစိုက်ပျိုးနေမှုနှင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များ မေးမြန်းဆွေးနွေးကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

လုပ်ငန်းသုံး ကျွဲ၊ နွားများ အသုံးပြု၍လည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာများ အသုံးပြု၍ လည်းကောင်း ကြိုးပမ်းစိုက်ပျိုးလျက်ရှိကြောင်းသိရကာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဒေသတွင်းရှိ တောင်သူများ မိုးစပါးနှင့် အခြားမိုးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလှောင်ဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် စိုက်ပျိုးလယ်ယာမြေများအရောက် စနစ်တကျဖြန့်ဝေပေးလျက်ရှိသည်။

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားရေးနှင့် ဆန်စပါး စားနပ်ရိက္ခာဖူလုံ ပိုလျှံစေရေးအတွက် တစ်မြို့နယ်လုံး မိုးစပါးသီးနှံ ဧက ၆၉၉၄၃ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးခြင်းကိုတော့ ဇူလိုင်လဆန်းကစပြီး ဒေသခံတောင်သူတွေက မဲဇလီရေလှောင်ဆည်ရေကို အကျိုးရှိရှိ အသုံးချပြီး အားသွန်ခွန်စိုက် ကြိုးပမ်းစိုက်ပျိုးခဲ့ကြလို့ ယနေ့အထိ မိုးစပါးသီးနှံ ၂၉၉၄၉ ဧက စိုက်ပျိုးပြီးစီးသွားပြီ ဖြစ်ပါတယ်။ ဒေသခံတောင်သူတွေ အများဆုံးစိုက်ပျိုးတဲ့ စပါးမျိုးတွေကတော့ ရောမင်း၊ ရတနာ့တိုး၊ မနောသုခ၊ ဆင်းသုခ၊ ရောပဒေသာ၊ ပေါ်ဆန်းရင်၊ ပခန်းရွှေဝါ၊ ချမ်းမြေ့မေ ၊ ဆင်းသိင်္ဂီ စတဲ့စပါးမျိုးတွေကို အများဆုံး စိုက်ပျိုးကြပါတယ်။ ပွင့်ဖြူမြို့နယ်ဟာ စိုက်ပျိုးရေ အဆင်ပြေတဲ့အပြင် ရာသီဥတုလည်း မျှတကောင်းမွန်တဲ့အတွက် သီးနှံစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိတယ်။ ဒေသခံတောင်သူတွေကိုလည်း မိုးစပါးသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တောင်သူတစ်ဦးချင်းအလိုက် သီးနှံအထွက်နှုန်း တိုးတက်စေဖို့အတွက် ဝန်ထမ်းများက သက်ဆိုင်ရာ နယ်မြေအလိုက်တောင်သူတွေကိုကွင်းဆင်းကြီးကြပ်ပြီးတော့ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်နဲ့ သွင်းအားစု ပစ္စည်းသုံးစွဲနည်းစနစ်တွေ မှန်ကန်စွာ အသုံးချ ဆောင်ရွက်နိုင်ဖို့အတွက် တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဒေသတွင်း ဆန်စပါးစားနပ်ရိက္ခာ ဖူလုံပိုလျှံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလှောင်ဆည်ရေဖြင့် မိုးစပါး၊ ဖူးစားပြောင်း၊ နှံစားပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါသီးနှံ၊ ပဲမျိုးစုံသီးနှံနှင့် အခြားစားဖိုဆောင်သီးနှံမျိုးစုံတို့ကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရပြီး စိုက်ပျိုးရေအဆင်ပြေမှုကြောင့် စိုက်ပျိုးသမျှသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

**အိမ်ပြင်ပ၌ထွန်းသော**
**မီးများကို**
**နေ့အလင်းရောင်**
**ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို**
**ချွေတာပါ**

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၃-၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ယာယီမှတ်ပုံတင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနား ကျင်းပ



နေပြည်တော် ဩဂုတ် ၄

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၃-၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသော ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အတည်ပြုနိုင်ရေး ဆွေးနွေးမည်**

ရှေးဦးစွာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယနေ့ညှိနှိုင်းအစည်းအဝေးတွင် ၂၀၂၃ - ၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း စက်ပစ္စည်းကြီးကြပ်မှု ကော်မတီသို့ တင်ပြလာသော ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ စီမံကိန်းတန်ဖိုး ပြောင်းလဲခြင်းကိစ္စရပ်များ အပေါ် အဖွဲ့ဝင်များနှင့် စိစစ်အတည်ပြုနိုင်ရန်နှင့် "ငွေလုံးငွေရင်း အသုံးစရိတ်(စက်ပစ္စည်း) အတွက် ရန်ပုံငွေလျာထားခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ရန်ပုံငွေ လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း" ညွှန်ကြားချက်(မူကြမ်း)အပေါ် ကော်မတီအဖွဲ့ဝင်များက ပထမအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်များကို ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်သည့်အတွက် အဖွဲ့ဝင်များနှင့် အတည်ပြုနိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် အစိုးရဌာနဆိုင်ရာများ၏ စက်ပစ္စည်းကဏ္ဍအတွက် ရန်ပုံငွေသုံးစွဲမှု၊ စက်ပစ္စည်းဝယ်ယူမှု၊ စက်ပစ္စည်းအသုံးပြုမှုများနှင့် စပ်လျဉ်းပြီး နိုင်ငံတော်အတွက် ကောင်းမွန်သည့် အထောက်အပံ့ဖြစ်စေရန် ကော်မတီ၏မူဝါဒ၊ လုပ်ငန်းတာဝန်များနှင့်အညီ စနစ်တကျ စိစစ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့် ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီတို့မှ ရန်ပုံငွေလွှဲပြောင်းခြင်း၊ စီမံကိန်းတန်ဖိုးပြောင်းလဲခြင်းကိစ္စရပ်များ၊ "ငွေလုံးငွေရင်း အသုံးစရိတ်(စက်ပစ္စည်း)အတွက် ရန်ပုံငွေလျာထားခြင်း၊ စက်ပစ္စည်း ဝယ်ယူခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်" (မူကြမ်း)အပေါ် ကော်မတီအဖွဲ့ဝင်များ၏ ပြင်ဆင်ချက်ကို စုစည်း၍ ဒုတိယအကြိမ် ပြင်ဆင်ရေးဆွဲပြီးစီးသည့် လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များကို အတည်ပြုနိုင်ရန် ကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ယာယီမှတ်ပုံတင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ MSME ဗဟိုကော်မတီ အတွင်းရေးမှူး၊ SME လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ MSME ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော် MSME အသင်းမှတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များကို ယနေ့မှစတင်၍ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ဥပဒေအား ပြန်လည်ရေးဆွဲပြီးပါက MSME ဥပဒေအရ လုပ်ငန်းအရွယ်အစား သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ မှတ်ပုံတင်လက်မှတ်ကို MSME Webportal မှ တစ်ဆင့် Online Registration & e-Payment စနစ်ဖြင့် လျှောက်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး စတင်လျှောက်ထားနိုင်ပါက လုပ်ငန်းရှင်များသို့ သတင်းအချက်အလက် ပြန်လည်ဖြန့်ဝေသွားမည် ဖြစ်ကြောင်း၊ ဥပဒေရေးဆွဲပြီးချိန်တွင် MSME လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြရန်လိုကြောင်း ပြောကြားသည်။

**ယာယီမှတ်ပုံတင်လက်မှတ်များ ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လုပ်ငန်းရှင် ၂၂ ဦးကို ယာယီမှတ်ပုံတင် လက်မှတ်များ ပေးအပ်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်နေစဉ်ကာလအတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ယာယီမှတ်ပုံတင်လက်မှတ်ကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၂ ရက်မှ စတင်၍ MSME Online Registration စနစ်ဖြင့် SME Member Card အသစ် လျှောက်ထားသူများကို ယာယီမှတ်ပုံတင်လက်မှတ် တစ်ပါတည်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တနင်္သာရီတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အစည်းအဝေးကျင်းပ

## တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ဆီချောစက်ရုံတည်ဆောက်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိ

ထားဝယ် ဩဂုတ် ၄

**တနင်္သာရီတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃) ကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)**



အစည်းအဝေးတွင် တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၊ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေးဦးတည်ချက်များ၊ MSME ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့က ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေး ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးတွင် စိုက်ပျိုးရေးအနေဖြင့် ရော်ဘာလုပ်ငန်းများတွင် ယခင်က အဆင့် (၁)(၂) ဖြင့် လုပ်ဆောင်နိုင်သောကြောင့် နိုင်ငံခြားသို့ တင်ပို့သည့်အခါတွင် ကုန်ကြမ်းအဖြစ်သာ ပို့၍ရကြောင်း၊ ယခုအခါတွင် ရော်ဘာစက်ရုံများ ပေါ်လာပြီး နည်းပညာများဖြင့် ပြုလုပ်သောကြောင့် စီးပွားရေးလုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လာသည့်အတွက် နိုင်ငံခြားက လက်ခံနိုင်သော အဆင့်ရှိလာကြောင်း၊ စိုက်ပျိုးရေးတွင် ရော်ဘာ၊ ဆီအုန်း၊ ကွမ်းသီး ကြိုးစား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးတွင် ဆီအုန်းစိုက်ဧက လေးသိန်းကျော်ရှိပြီး ဆီကြမ်းတန်ချိန် အများအပြားထွက်ရှိသည့်အတွက် လုံလောက်သော အနေအထားရှိကာ ဆီကြမ်းထွက်ပြီး ဆီချောစက်ရုံ မရှိသောကြောင့် တိုင်းဒေသကြီးအနေဖြင့် ဆီဖူလုံမှုရာခိုင်နှုန်း ၀ ဒသမ ၂၅ ရာခိုင်နှုန်းသာရှိကြောင်း၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အနေဖြင့် စီးပွားရေး လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ဆီချောစက်ရုံ တည်ဆောက်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သည်များက တရုတ်နိုင်ငံရှိ ဆီချောစက်ရုံသို့ သွားရောက်၍ ကြည့်ရှုပြီး ယခင်က တစ်ရက်လျှင် ၁၀ တန်ကျစက်ရုံ တည်ဆောက်ရန် အကြမ်းဖျင်း ရည်ရွယ်ထားပြီး ပိသာအနေဖြင့် ၆၀၀၀ ခန့်ရှိကြောင်း၊ ကုန်ကျမှုတွင် ကွာဟမှုနည်းပါးသည့်အတွက် ၁၀ တန် အစားတန် ၂၀ စက်ရုံတည်ဆောက်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပြီး ပိသာအနေဖြင့် ၁၂၀၀၀ ရှိသည့်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မွေးမြူရေးအနေဖြင့် တိုင်းဒေသကြီးတွင် ငါး၊ ပုစွန်၊ ကဏန်းများသည် ဒေသအတွင်း အဆင်ပြေလျက်ရှိပြီး ပုစွန်မွေးမြူရေးတွင် ကန် ၂၅၀ ခန့်၊ ဧကအနေဖြင့် ၂၀၀၀ ကျော်ရှိကြောင်း၊ တိုင်းဒေသကြီးတွင် မျှော်မှန်းချက်အနေဖြင့် ပုစွန်မွေးမြူရေးကို အားထားရမည်ဖြစ်၍ အရင်းအနှီးများပြီး အမြတ်ငွေလည်းများကြောင်း၊ ပုစွန်မွေးမြူရေးတွင် လျှပ်စစ်ဓာတ်အားသည် အရေးကြီးသောကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပုစွန်မွေးမြူရေးတွင် ပုစွန်သားပေါက်ဝယ်ယူရရှိသည့်အတွက် အဆင်ပြေကြောင်း၊ မကြာမီကာလအတွင်း ပုစွန်သားပေါက်နှင့် အစာထုတ်လုပ်မည့်ကိစ္စရပ်များအား ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါတွင် ဂျင်းခရုမွေးမြူရေးသည် အောင်မြင်လာသည့်အတွက် အထူးသဖြင့် အကျိုးအမြတ်ရရှိမှုများပြားကြောင်း၊ တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၊ ဥက္ကဋ္ဌ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု (One Region One Product) ထုတ်လုပ်ဖော်ဆောင်နိုင်ရေးစီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး တွဲဖက်အတွင်းရေးမှူးက တိုင်းဒေသကြီး MSME အေဂျင်စီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၂)ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ MSME ဗဟိုကော်မတီ/လုပ်ငန်းကော်မတီ(၁/၂၀၂၃)မှ ဆုံးဖြတ်ချက်များ၊ လမ်းညွှန်မှာကြားချက်များနှင့် OROP စီမံချက်မူကြမ်းအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ဖြစ်ရပ်မှန်ကမ္ဘာ့မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# ကိုယ်ဖော်တဲ့ဆေး ကိုယ်ပြန်စား လူ့အခွင့်အရေး ညစ်လုံးအောက်က လူနည်းစုများ

မြင့်မြတ်

**ယူကရိန်းအရေးအခင်းနဲ့ အကျပ်အတည်းဆိုက်နေချိန်၊ ကမ္ဘာကြီးမှာ ဟိုနေရာတစ်စ၊ ဒီနေရာတစ်စ မီးပွားများကြားမှာ လူမှုစီးပွားပဋိပက္ခများ တစ်ဖန်ပေါ်လာခဲ့ရပြန်ပါပြီ။ လူ့အခွင့်အရေးကို ရှေ့တန်းတင်လွန်းလှတဲ့၊ ပွင့်လင်းပါတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းကြီးတစ်ခုရဲ့ ရှေ့နောက်မလျော်တဲ့အခြေအနေများဟာ ခန့်မှန်းရခက်နိုင်ပါတယ်။ အကြမ်းဖက်မှန်းသိသိကြီးနဲ့ အကြမ်းဖက်ကိုမှ အလွန့်အလွန် စာနာသနားပြနေခဲ့တဲ့ နိုင်ငံ၊ ဒီမိုကရေစီကိုဖက်တွယ်ပြီး ထောင်ကျသူကိုတောင် ပန်းခြင်းချသနားပြ၊ သူများအိမ်တွင်းရေး ဝင်စွက်ဖက်ခဲ့သူတွေ...။**

**မှန်းဆရခက်တဲ့ခန့်မှန်းချက်များကြားက**

ကမ္ဘာကြီးမှာ အမုန်းတရားနဲ့ ချစ်ခြင်းမေတ္တာအကြား အများကြီး ခြားနားသွားခဲ့ပါပြီ။ ထိလွယ်ရှလွယ် လူ့အဖွဲ့အစည်းတစ်ခုကို အချိန်အကြာကြီးပိုက်မိပြီးမှ ပြန်ပြီးလည်း လွှတ်ချမရ၊ အကြာကြီးလည်း ဆွဲမထားချင်၊ နိုင်ငံရေးကို ဘာသာရေးနဲ့ရော၊ ဘာသာရေးကို နိုင်ငံရေးနဲ့ရော အရောအနှောစုံမှာ ကိုယ်မွေးထားသူက ကိုယ့်ပြန်ခြောက်တာခံရတဲ့အခြေအနေတချို့ကို ပြင်သစ်မြင်ကွင်းကနေ သင်ခန်းစာယူသင့်ပါတယ်။

ကိုယ်မွေးထားတဲ့ တာလီဘန်ရဲ့ ပြန်မောင်းထုတ်တာခံခဲ့ရတဲ့ အမေရိကန်၊ ကိုယ်မြှုပ်နှံထားတဲ့ အိုက်စစ် (ISIS) တို့နဲ့မှ တစ်ကျော့ပြန်ရန်သူဖြစ်ခဲ့ရတဲ့ အမေရိကန်တို့ရဲ့ ဖြစ်စဉ်နမူနာအတိုင်းပါပဲ။ ယခုလည်း ပြင်သစ်မှာ ကြုံခဲ့ရပါပြီ။ ပြင်သစ်နိုင်ငံသားအဖြစ် ခံယူခဲ့ပြီးသူ နိုင်ငံရပ်ခြားက အခြေအနေမဲ့ဒုက္ခသည်တွေ၊ နိုင်ငံရေးနဲ့ ပြည်တွင်းစစ် အဖြစ်ဆိုးကြောင့် နေရပ်စွန့်ခွာသားကောင်တွေရဲ့ဘဝကို နိုင်ငံရေးလုပ် ကယ်တင်ရင်းနဲ့ ယနေ့လိုကာလမှာ ထိုလူတွေရဲ့ သင်ခန်းစာ ပြန်ပေးတာခံနေရတဲ့ ပြင်သစ်အစိုးရနဲ့ လူနည်းစု နိုင်ငံသားတွေရဲ့ ပဋိပက္ခတွေ၊ ဆန္ဒပြသူတွေအပေါ် အစိုးရနဲ့ ရဲတပ်ဖွဲ့ရဲ့ ပြန်လည်တုံ့ပြန်ပုံ တုံ့ပြန်ခဲ့တဲ့နည်းတွေဟာ သင်ခန်းစာယူသင့်တဲ့ အခြေအနေများလည်း ဖြစ်ပါတယ်။

ယနေ့ ကမ္ဘာ့နိုင်ငံရေးအတော်များများဟာ ကြိုတင်ကြံစည်မှုများလို့ သတ်မှတ်နိုင်သလို တိုက်ဆိုင်မှုတွေအဖြစ်လည်း မြင်နိုင်ပါတယ်။ BRICS ကိုသွားပြီး မျက်စပစ်မိတဲ့ မေကရွန်ကို CIA က ပြန်ပြီး ပညာပေးလိုက်တာလို့လည်း ယူဆနေသူတွေရှိလေတော့ မှန်တယ်လို့လည်း ပြောလို့မရသလို မှားတယ်လို့လည်း ဆိုလို့မရပြန်ဘူးပေါ့။ တော်ပါသေးတယ်။ ပြင်သစ်ကြီး ဘက်ပေါင်းစုံပြိုကျမသွားတာ ကံကောင်း။ ပြင်သစ်အဓိကရုဏ်းက သူတစ်နိုင်ငံတည်းနဲ့လည်း မပြီးခဲ့၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံနိုင်ငံများအထိပါ ကူးစက်သွားပုံကို ကြည့်ခြင်းအားဖြင့် ဥရောပဒေသမှာ လူမှုစီးပွားဘဝတွေ တဖြည်းဖြည်း မတည်မငြိမ်ဖြစ်လာနေပြီဆိုတဲ့သဘောကိုထင်ဟပ်လာပြီလား၊ သပ်လျှိုသွေးခွဲမှုတွေကြောင့် အိမ်နီးချင်း ပြည်တွင်းရေး ပြဿနာတစ်ခုမှသည် ဒေသတွင်း အခြားအိမ်နီးချင်းနိုင်ငံများဆီပါ ပျံ့နှံ့သွားတတ်တဲ့သဘောလား၊ စဉ်းစားထားရမယ့်အရာတွေ များစွာ များစွာရှိနိုင်ပါတယ်။

**အသုံးချခံအဖြစ် အသုံးချခံရတတ်သည်**

ပြင်သစ်ပြည်ကြီး မီးဟုန်းဟုန်း တောက်ခဲ့ရတဲ့ကိစ္စဟာ ပဲရစ်မြို့ ဆင်ခြေဖုံး ဆင်းရဲသားရပ်ကွက်က ၁၇ နှစ်အရွယ် ဆယ်ကျော်သက် ပြင်သစ်အယ်ဂျီးရီးယားနွယ်ဖွား လူငယ်တစ်ယောက်ကို ပြင်သစ်ရဲအရာရှိတစ်ဦးက ယာဉ်စည်းကမ်းမလိုက်နာတဲ့ အကြောင်းပြချက်နဲ့ ပစ်သတ်လိုက်မိရာက စလိုက်တာပါပဲ။ ပြင်သစ်ရဲအရာရှိတွေရဲ့ မမှားသင့်တဲ့ ဆိုးရွားတဲ့မှားယွင်းမှုတစ်ခုကနေ ကံဆိုးလှတဲ့ လူငယ်လေးတစ်ယောက် ယခုလို အသတ်ခံခဲ့ရတာဖြစ်တယ်လို့ မှတ်ချက်ပြုကြပါတယ်။ နိုင်ငံတစ်နိုင်ငံကို ပျက်စီးစေချင်ပြီဆိုရင် ကျောင်းသားအရွယ် လူငယ်လူမမယ်လေးတွေဟာ အမြဲတမ်း ဓားစာခံဖြစ်ရရှာတဲ့ ဒီအတွေ့အကြုံမျိုးဟာ မရိုးသော်လည်း သတိထားရမယ့် သင်ခန်းစာအဖြစ် သိရှိထားရပါမယ်။

ယာဉ်ကြောတွေအင်မတန်ကျပ်နေချိန်မှာ သူသူကိုယ်ကိုယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုတာ ဖောက်ဖျက်မိတတ်ကြပါတယ်။ ဒါပေမဲ့ လူငယ်တစ်ဦး ဥပဒေမဲ့သေဆုံးသွားရတဲ့အထိ ဖြစ်ပျက်သွားတာကိုတော့ အသေးအဖွဲ့ဆိုပြီး ပေါ့ပေါ့တန်တန် သဘောထားလို့ မရပါဘူး။ အခွင့်အရေးအဖြစ် အသုံးချချင်တဲ့ နိုင်ငံရေးတောကြောင်တွေ၊ စက်ဘီးတစ်စီး၊ ကားတစ်စီးနဲ့ လမ်းသလားနေတဲ့ သူလျှိုဒလန်တွေဟာ မနီးမဝေးဝန်းကျင်မှာ အမြဲရှိနေတတ်ပါတယ်။ ပြင်သစ်ရဲတွေဟာ သတိမမူဂူမမြင်သည့်အလား အမှိုက်ကစ၊ ပြာသာဒ်မီးလောင်တတ်တဲ့အခြေအနေကို လျှော့တွက်ခဲ့သလား၊ တမင် မမြင်ချင်ယောင်ဆောင်တာပဲလား မသိ။ သူတို့ပဲသိနိုင်တဲ့ အခြေအနေမို့ သင်ခန်းစာယူစရာအဖြစ်နဲ့သာ သတိထားရမှာဖြစ်ပါတယ်။



၂၀၂၃ခုနှစ် ဇွန်လက ပြင်သစ်နိုင်ငံ၌ ဖြစ်ပွားသည့်အဓိကရုဏ်းမြင်ကွင်း။ ဓာတ်ပုံ-

**မမြင်ချင်မသိချင် ဖုံးဖိထားခြင်းဖြင့်**

နောက်ခံအခြေအနေကို ပြန်ကြည့်ရင် ဥရောပက အတိုးတက်အဖွံ့ဖြိုးဆုံးသော နိုင်ငံကြီးတစ်နိုင်ငံဖြစ်တဲ့ ပြင်သစ်မှာ ဘာကြောင့် ဒီလိုသွေးထွက်သံယို အဓိကရုဏ်းမှု ရုန်းရင်းဆန်ခတ်ဖြစ်စဉ်တွေ မကြာမကြာဖြစ်နေရပါသလဲ။ ၂၀၀၃ ခုနှစ် သမ္မတနီကိုလပ် ဆာကိုဇီ လက်ထက်မှာလည်း သုံးပတ်ကြာ အဓိကရုဏ်းတွေဖြစ်ခဲ့ဖူးတယ်၊ ပင်စင်ပြုပြင်ရေးနဲ့ပတ်သက်ပြီး ယခုနှစ်ထဲမှာလည်း ဖြစ်ခဲ့ဖူးတယ်၊ ယခု ၂၀၂၃ ခုနှစ် ဇွန်လထဲ ၈ ရက်ကြာဖြစ်စဉ်ကတော့ ဒီမိုကရေစီစနစ်ဖွံ့ဖြိုးတယ်ဆိုတဲ့ ပြင်သစ်သမိုင်းမှာ အဆိုးရွားဆုံးပါပဲ။ မီးပွားတစ်ခုဟာ တောမီးပမာ လိုင်ယွန်၊ လိုင်လီ၊ မာဆေးလ်၊ ဘော့ဒိုးစတဲ့ မြို့ကြီးတော်တော်များများကို ပျံ့နှံ့သွားပြီး ပြည်သူပိုင်အဆောက်အအုံတွေ၊ ရဲစခန်းတွေ၊ ကျောင်းတွေ၊ စတိုးဆိုင်တွေ၊ မြို့နယ်ခန်းမတွေနဲ့ မော်တော်ယာဉ်များစွာဟာ ဒေါသထွက်နေတဲ့ လူအုပ်ကြီးရဲ့ မီးရှို့ဖျက်ဆီးခြင်း ခံလိုက်ရပါတယ်။

နေရာအနှံ့ လုယက်မှုတွေ၊ မီးရှို့မှုတွေဖြစ်ခဲ့ပြီး ကားဗုံးပေါက်ကွဲသည်အထိ ဖြစ်ခဲ့တယ်။ မြို့တော်ဝန်ကိုပါ တိုက်ခိုက်ခဲ့ကြတဲ့အတွက် မြို့တော်ဝန်ဇနီး ခြေထောက်ကျိုးသွားခဲ့ရတယ်။ ပြင်သစ်လုံခြုံရေး အဖွဲ့အစည်းတွေကလည်း ပြင်းပြင်းထန်ထန် ပြန်လည်နှိပ်ကွပ်ခဲ့ကြတယ်။ ဆန္ဒပြပြည်သူအမြောက်အမြား ရိုက်နှက်ဖမ်းဆီးခံကြရတယ်။ ဒီလိုဖြစ်စဉ်တွေဖြစ်ပွားရခြင်းဟာ နိုင်ငံတကာမှာ အထူးအဆန်းတစ်ခုတော့ မဟုတ်ပါဘူး။ ဖြစ်ချိန်တန်ရင် ဖြစ်ရတဲ့သဘောပါပဲ။

ဖြစ်ရတဲ့ အဓိကအကြောင်းရင်း၊ ရင်းမြစ်နဲ့ ဖြစ်စဉ်အသေးစိတ်ကို ပြင်သစ်အစိုးရနဲ့ ပြည်သူ့ကိုယ်စားလှယ်ဆိုသူတွေ၊ အမေရိကန်အပါအဝင် ကျန်ဥရောပအနောက်အုပ်စု ဒီမိုကရေစီနိုင်ငံတွေအားလုံးအခြေအနေတွေကို ဖုံးဖိထားမသိချင် မမြင်ချင်ယောင်ဆောင်နေလို့သာ ကျန်ကမ္ဘာကြီးက မမြင်ရမသိကြရတာပါ။ တိုးတက်ဖွံ့ဖြိုးတဲ့နိုင်ငံတွေအပါအဝင် နိုင်ငံအားလုံးဟာ ကိုဗစ် – ၁၉ ဂယက်နဲ့ ယူကရိန်းပဋိပက္ခများရဲ့ နောက်ဆက်တွဲ ဒဏ်တွေအားလုံးကို အနည်းနဲ့အများခံကြရတာပါပဲ။ ပြင်သစ်လူ့အဖွဲ့အစည်းမှာတော့ ၂၀၀၃ ခုနှစ်ကတည်းက အရင်းတည်လာတဲ့ ဆူပူမှု အဓိကရုဏ်းတွေရဲ့ မဖြေရှင်းနိုင်တဲ့ နောက်ခံအကြောင်းတရားများနဲ့တကွ ပိုပြီးဆိုးရွားတဲ့သမိုင်းကြောင်းတွေ ရှိနေလို့သာလျှင် ဖြစ်ပါလိမ့်မယ်။

**မဖြေရှင်းနိုင်သေးတဲ့ အဓိကအကြောင်းတရား ရင်းမြစ်များ**

ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုဆိုပေမယ့် ပြည်သူကရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်ဆိုသူတွေဟာပြည်သူတွေ၊ လူငယ်တွေရဲ့ အသံတွေကိုနားမထောင်ခဲ့ဘူးဆိုတာ ထင်ရှားပါတယ်။ အဓိကရုဏ်းဖြစ်နေတုန်းလည်း နားမထောင်ခဲ့ကြသလိုဖြစ်ပြီး နောက်တစ်ကြိမ်ဖြစ်နိုင်ခြေအတွက် သင်ခန်းစာမယူ ပြည်သူကို ဂရုမစိုက်လို့သာ နာတာရှည်ရောဂါတစ်ခုလို ဖြစ်နေတဲ့ တူညီတဲ့ဖြစ်စဉ်တွေ ပြင်သစ်မှာ မကြာခဏတွေ့နေရတာပေါ့။ ဖြစ်ရင်လည်း တစ်ဖက်က ရဲ၊ တစ်ဖက်က အလုပ်သမား လူငယ်လူတန်းစား ထွက်ပေါက်မရှိ အစစအရာရာဆုံးရှုံးမှုနဲ့သာ ရင်ဆိုင်နေရပြီး ဒီထက်ဆုံးရှုံးစရာ ဘာမှမရှိတော့ဘူးလို့ ခံယူထားတဲ့ စိတ်ဓာတ်အကြီးအကျယ်ကျနေတဲ့ ပြင်သစ်လူငယ်တွေအတွက် ပြင်သစ်ဒီမိုကရေစီစနစ်မှာ ဖြေဆေးမရှိတော့ဘူးလား၊ တွေးဆရမှာဖြစ်ပါတယ်၊ သင်ခန်းစာထုတ်ကြရမှာ ဖြစ်ပါတယ်။

**ပြဿနာက အလွန်လေးနက်ပြီး သိမ်မွေ့လှပါတယ်၊ ဘာကြောင့်လဲဆိုတော့ ပြင်သစ်နိုင်ငံဟာ ဒီမိုကရေစီစနစ်နဲ့ လူမှုစီးပွားဘဝအကြီးအကျယ်ဖွံ့ဖြိုးတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် မှတ်ယူထားကြလို့ပါပဲ။ ဒီလိုဖွံ့ဖြိုးပြီး ဒီမိုကရေစီစနစ်အောက်မှာ ဘာကြောင့် ပြင်သစ်လူငယ်တွေဟာ မသေချာ၊ မရေရာဘဝနဲ့ နေထိုင်နေရပါသလဲ။ ဘာကြောင့် အလုပ်လက်မဲ့ပြဿနာကို မဖြေရှင်းနိုင်ရပါသလဲ။ မဖြေရှင်းနိုင်သေးတဲ့ လူမျိုးရေးခွဲခြားမှု၊ ဖိနှိပ်မှု၊ မမျှတမှုပြဿနာပုစ္ဆာများနဲ့ ဆိုးသွမ်းလူငယ်အရေအတွက် များပြားလာမှုဟာ ပျက်စီးစပြုနေတဲ့ အမျိုးသားပညာရေးစနစ်နဲ့ သက်ဆိုင်နေတယ်လို့လည်း ပညာရှင်တွေက မှတ်ချက်ပြုကြပါတယ်။**

ဖြစ်ခဲ့တဲ့ ဆန္ဒပြမှုတွေရဲ့နောက်ကွယ်က အရင်းအမြစ်အကြောင်းတရားတွေကို ထိထိရောက်ရောက်ဖြေရှင်းပေးတဲ့ နိုင်ငံရေးသမားတွေရဲ့ အသံမကြားမိသေးပါဘူး။

*စာမျက်နှာ ၇ သို့*

❑ **ပြဿနာက အလွန်လေးနက်ပြီး သိမ်မွေ့လှပါတယ်၊ ဘာကြောင့်လဲဆိုတော့ ပြင်သစ်နိုင်ငံဟာ ဒီမိုကရေစီစနစ်နဲ့ လူမှုစီးပွားဘဝ အကြီးအကျယ်ဖွံ့ဖြိုးတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် မှတ်ယူထားကြလို့ပါပဲ။ ဒီလိုဖွံ့ဖြိုးပြီး ဒီမိုကရေစီစနစ်အောက်မှာ ဘာကြောင့် ပြင်သစ်လူငယ်တွေဟာ မသေချာ၊ မရေရာဘဝနဲ့ နေထိုင်နေရပါသလဲ။ ဘာကြောင့် အလုပ်လက်မဲ့ပြဿနာကို မဖြေရှင်းနိုင်ရပါသလဲ။ မဖြေရှင်းနိုင်သေးတဲ့ လူမျိုးရေးခွဲခြားမှု၊ ဖိနှိပ်မှု၊ မမျှတမှု ပြဿနာပုစ္ဆာများနဲ့ ဆိုးသွမ်းလူငယ်အရေအတွက် များပြားလာမှုဟာ ပျက်စီးစပြုနေတဲ့ အမျိုးသားပညာရေးစနစ်နဲ့ သက်ဆိုင်နေတယ်လို့လည်း ပညာရှင်တွေက မှတ်ချက်ပြုကြပါတယ်**

## ပြည်နယ်ဝန်ကြီးချုပ် ဘားအံစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများကို ကြည့်ရှုစစ်ဆေး

**ဘားအံ ဩဂုတ် ၄**

ဘားအံစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင်နိုင်ရေး၊ နည်းပညာ၊ ငွေကြေးနှင့် ဈေးကွက်အထောက်အပံ့များရရှိစေရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၃ ရက်တွင် ပွင့်သစ်တိုးဘက်စုံသုံး အဆင့်မြင့်ဂျစ်(ပ်)ဆမ်ကျောက်မှုန့်ကြိတ်ခွဲသန့်စင်စက်ရုံနှင့် Kyaw 3 ကော်ပစ္စည်းမျိုးစုံထုတ်လုပ်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**



ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်ဒေသထွက် ကုန်ကြမ်းများကိုအသုံးပြု၍ ဘားအံစက်မှုဇုန်တွင် တစ်နာရီလျှင် ၂၅ ကီလိုဂရမ် အိတ် ၂၄၀ ထုတ်လုပ်နိုင်သော ဂျစ်(ပ်)ဆမ်နှင့် ဒိုလိုမိုက်သဘာဝကျောက်မှုန့်မြေဩဇာများ ထုတ်လုပ်သည့် ပြည်သူ့ခနကုမ္ပဏီလီမိတက်၏ ပွင့်သစ်တိုးဘက်စုံသုံးအဆင့်မြင့် ဂျစ်(ပ်)ဆမ်ကျောက်မှုန့်ကြိတ်ခွဲသန့်စင်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ရှိသူများက ကြိတ်ခွဲသန့်စင်ထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဈေးကွက်နှင့် ဝယ်လိုအားယှဉ်ပြိုင်နိုင်စွမ်းကို ဆွေးနွေးမေးမြန်း၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် Kyaw 3 ကော်ပစ္စည်းမျိုးစုံထုတ်လုပ်ရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရှင် ဦးကျော်ဌေးဦးက လျှပ်စစ်ဓာတ်အားနှင့် လောင်စာဆီသုံးစွဲမှုများကို ချွေတာလျှော့ချနိုင်ရေး မီးသွေး(လောင်စာခဲ) ဓာတ်ငွေ့ဖိုဖြင့် အင်ဂျင်၊ ဒိုင်နမိုမော်တာများကို အသုံးပြု၍ သဘာဝဇီဝဂက်စ်ကို ထုတ်လုပ်ကာ လုပ်ငန်းစမ်းသပ်လည်ပတ်နေမှု အခြေအနေ၊ အလုပ်သမား ၅၀ ကျော်ဖြင့် တစ်ရက်လျှင် ကုန်ကြမ်းကော်စေ့နှစ်တန်ခန့် အသုံးပြု၍ ကော်ပစ္စည်းမျိုးစုံထုတ်လုပ်နေမှု အခြေအနေတို့ကို လိုက်လံရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့သည်။ **စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## တောင်သာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက် ရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

**တောင်သာ ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်ရေးဆွဲနည်းသင်တန်းကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်နှင့် စီမံကိန်းတာဝန်ခံ ဒေါ်သင်းလဲ့အောင်တို့က အခြေခံအိမ်ထောင်စုစာရင်းကောက်ယူနည်း၊ ဖွံ့ဖြိုးရေးပုံစံ (၄၈)ဇယားကောက်ယူခြင်း၊ ဖွံ့ဖြိုးရေးကွင်းဆက် မဟာဗျူဟာရေးဆွဲနည်း၊ စီမံကိန်းအဆိုပြုလွှာတင်ပြခြင်းဘာသာရပ်များ၊ AVIP ဖွံ့ဖြိုးရေးအစီအစဉ်နှင့် စာရင်းထိန်းသိမ်းနည်းအား သင်တန်းချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကာ သင်တန်းသို့ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား သင်တန်းသူ ၃၁ ဦး တက်ရောက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ယွန်း(မုံရွာ၊ ကိုယ်ပွား)**

ရတနာသစ်တော၊ ပြည့်သွေးကြော
သစ်တောရတနာ၊ ထိန်းသိမ်းပါ

*စာမျက်နှာ ၆ မှ*

နိုင်ငံရေးပါဝါအသီးသီး ရယူထားကြပေမယ့် ဘာမှအလုပ်မဖြစ်တဲ့ နိုင်ငံရေးလေဟာနယ်တစ်ခုအဖြစ်သာ ပြင်သစ်နိုင်ငံရေးသမားတွေကို လူငယ်တွေစိတ်ကုန်နေကြပြီဖြစ်ပါတယ်။

**မပါမပြီး ဆိုရှယ်မီဒီယာနဲ့ လူမှုကွန်ရက်စနက်**

ပြင်သစ် နိုင်ငံရေးသမားတွေဟာ ယခုအရေးအခင်းကြီးကို မီးလောင်ရာလေပင့်သလိုဖြစ်စေခဲ့တဲ့ ဆိုရှယ်မီဒီယာနဲ့ လူမှုကွန်ရက်တွေရဲ့ သက်ရောက်မှုဒဏ်ရာဒဏ်ချက်ကိုတော့ ပြင်းပြင်းထန်ထန် ခံစားလိုက်ကြရပါတယ်။ Snowball effect လို ဆင့်ကဲဆင့်ကဲဖြစ်လာတဲ့ ဆိုးကျိုးတစ်ခု တစ်ခုကနေနောက်ထပ်ဖြစ်လာတဲ့ မကောင်းတဲ့ သက်ရောက်မှုတွေဟာ ဆိုရှယ်မီဒီယာများရဲ့စနက်ကြောင့်လည်း ပါတဲ့အတွက် မေကရွန်ကိုယ်တိုင် အမိန့်ထုတ်ပြန်ပိတ်ပင်လိုက်ရတဲ့အထိ သက်ရောက်မှုက ဘယ်လောက်ပြင်းထန်ခဲ့တယ်ဆိုတာ ဆန်းစစ်ကြည့်နိုင်ပါတယ်။

**နိုင်ငံတစ်နိုင်ငံမှာ သူ့အကြောင်းနဲ့သူရှိနေတဲ့ ပြည်တွင်းပဋိပက္ခတစ်ခုဟာ သတင်းတု၊ သတင်းမှားတွေနဲ့ ပိုပြီးဆိုးရွားသွားတဲ့ အကြောင်းရင်းခံတွေကို ရှာကြည့်ရင် ဆိုရှယ်မီဒီယာရဲ့ ပုံကြီးချဲ့ သွေးထိုးလှုံ့ဆော်မှုတွေကို တွေ့ရပါလိမ့်မယ်။ နမူနာ အီရန်၊ ဗင်နီဇွဲလား စတဲ့နိုင်ငံတွေရဲ့ဖြစ်ခဲ့ကြတဲ့ ပြည်တွင်းရေးပြဿနာတွေမှာဆိုရင် ဆိုင်ရာအစိုးရတွေဟာ ဘာကြောင့် ဆိုရှယ်မီဒီယာတွေကို ပိတ်ပင်ခဲ့ကြသလဲ၊ ဒီမိုကရေစီဘိုးအေနိုင်ငံတွေအနေနဲ့ ကိုယ်ချင်းစာနားလည်သဘောပေါက်လောက်မယ်လို့ ယူဆပါတယ်။ ဒါ့အပြင် ပြင်သစ် Gz တွေရဲ့ ဆိုးသွမ်းရမ်းကားမှုဒဏ်ကို သူတို့ရဲ့ မိဘတွေလည်း ခံစားကြရပါတယ်။ သားသမီးမကောင်း မိဘခေါင်းဆိုသလို ဆုံးမသွန်သင်မှုမရှိဘူးဆိုတဲ့ မှတ်ချက်နဲ့ မိဘတွေကို ငွေဒဏ်ထောင်ဒဏ်တွေချမှတ်ဖို့ မေကရွန်က အမိန့်ထုတ်ပြန်ခဲ့တယ်လို့ ဆိုပါတယ်။**

> **“ နိုင်ငံတစ်နိုင်ငံမှာ သူ့အကြောင်းနဲ့သူရှိနေတဲ့ ပြည်တွင်းပဋိပက္ခတစ်ခုဟာ သတင်းတု၊ သတင်းမှားတွေနဲ့ ပိုပြီးဆိုးရွားသွားတဲ့အကြောင်းရင်းခံတွေကိုရှာကြည့်ရင် ဆိုရှယ်မီဒီယာရဲ့ ပုံကြီးချဲ့ သွေးထိုးလှုံ့ဆော်မှုတွေကို တွေ့ရပါလိမ့်မယ်။ နမူနာ အီရန်၊ ဗင်နီဇွဲလား စတဲ့နိုင်ငံတွေရဲ့ ဖြစ်ခဲ့ကြတဲ့ပြည်တွင်းရေးပြဿနာတွေမှာဆိုရင် ဆိုင်ရာအစိုးရတွေဟာ ဘာကြောင့် ဆိုရှယ်မီဒီယာတွေကို ပိတ်ပင်ခဲ့ကြသလဲ၊ ဒီမိုကရေစီဘိုးအေနိုင်ငံတွေအနေနဲ့ ကိုယ်ချင်းစာနားလည်သဘောပေါက်လောက်မယ်လို့ ယူဆပါတယ်။ ဒါ့အပြင် ပြင်သစ် Gz တွေရဲ့ ဆိုးသွမ်းရမ်းကားမှုဒဏ်ကို သူတို့ရဲ့မိဘတွေလည်း ခံစားကြရပါတယ်။ သားသမီးမကောင်း မိဘခေါင်းဆိုသလို ဆုံးမသွန်သင်မှုမရှိဘူးဆိုတဲ့မှတ်ချက်နဲ့ မိဘတွေကို ငွေဒဏ်ထောင်ဒဏ်တွေချမှတ်ဖို့ မေကရွန်က အမိန့်ထုတ်ပြန်ခဲ့တယ်လို့ ဆိုပါတယ် ”**

**ဘာကြောင့်အသံတွေတိတ်နေရပါလိမ့်**

လူ့အခွင့်အရေးကို အင်မတန်ရှေ့တန်းတင်လွန်းတဲ့နိုင်ငံမှာ တာဝန်ယူတာဝန်ခံမှုကို နားမလည်တဲ့ ရဲအရာရှိတစ်ဦးက အချိုးအစား အင်အားဘယ်လိုမှ ယှဉ်လို့မရတဲ့ လူငယ်တစ်ဦးကို ယခုလို ဥပဒေမဲ့ ပစ်သတ်လိုက်တဲ့အပေါ်မှာ ဘယ်အမေရိကန်၊ ဘယ်အီးယူ၊ ဘယ်လိုလူ့အခွင့်အရေးအဖွဲ့အစည်း၊ ဘယ်ကုလအဖွဲ့အစည်းကမှ ထိထိရောက်ရောက် မဝေဖန်ခဲ့ကြခြင်းဟာလည်း အံ့ဩစရာတစ်ခုတော့ မဟုတ်ပါဘူး။ ဒီနေရာမှာ တရုတ်၊ ရုရှား၊ အီရန်တို့ ဆိုရင်တော့ ရှေ့ဆုံးကအော်နိုင်တဲ့ အနောက်မီဒီယာတွေအနေနဲ့ ယခုလိုပြင်သစ်ပြဿနာမှာတော့ ဘာကြောင့်များ အသံတိတ်နေကြပါလိမ့်၊ လူ့အခွင့်အရေးအတွက် အေးချမ်းစွာဆန္ဒပြတိုက်ပွဲဝင်နေကြသူများဆိုပြီး ဘယ်အနောက်နိုင်ငံကမှ ဝေဖန်ပြစ်တင်တာလည်း မတွေ့ရ၊ အလွန်ကိုကွဲပြားခြားနားသိသာလွန်းတဲ့ အနေအထားတွေပါ။

၂၀၁၇ ခုနှစ်ကတည်းက ဖြစ်နေခဲ့တဲ့ ဒီလိုအလားတူ ဖြစ်စဉ်တွေကြောင့် ပြင်သစ်ရဲတွေရဲ့အသတ်ခံရတဲ့ အာရပ်၊ အာဖရိကနွယ်ဖွား အရေအတွက်ဟာ ၁၃ ယောက် ရှိခဲ့ပြီဖြစ်ပါတယ်။ သူများနိုင်ငံရဲ့ အရေးအခင်းများမှာ ဆန္ဒပြသူတစ်ယောက်ယောက်သေရင် အစိုးရက ရက်ရက်စက်စက် သတ်ဖြတ်တယ်လို့ စွပ်စွဲကြသူတွေ၊ ဇာတ်နာအောင်မီးထိုးခဲ့သူတွေ၊ သတင်းမှန်မမှန် မစိစစ်ဘဲ သူများ ပြည်တွင်းရေး ဝင်စွက်ဖက်ခဲ့သူတွေ၊ အမှန်ကိုလက်မခံ၊ လုပ်ဇာတ်ခင်း၊ အမှားသတင်းကိုမှ လက်ခံယုံကြည်ပြီး ဆိုင်ရာနိုင်ငံတွေကို စီးပွားရေးအရ ပိတ်ဆို့ဟန့်တား၊ ဒုက္ခရောက်အောင် လုပ်ကြတဲ့ နိုင်ငံတွေထဲမှာ ယခုလို အပြစ်မဲ့ကိုယ့်ပြည်သူတွေကို ရက်ရက်စက်စက်ပစ်သတ်၊ ရိုက်နှက်၊ ဖမ်းဆီးထောင်ချနေတဲ့ ပြင်သစ်လည်း ပါဝင်ပါတယ်။ စံနှုန်းနှစ်မျိုးနဲ့ လူ့အခွင့်အရေးပုံစံအမျိုးမျိုးကို နှိုင်းယှဉ်ချိန်ဆသုံးသပ်နိုင်အောင်ဖြစ်ပါတယ်။

စံနှစ်မျိုးလူ့အခွင့်အရေးကို ကျင့်သုံးတတ်တဲ့ လစ်ဘရယ်ဘိုးအေကြီး ပြင်သစ်နိုင်ငံရဲ့ ဖြစ်စဉ်များအရ ဒီမိုကရေစီဆိုတိုင်း ဒီမိုကရေစီမမည်ဘူးဆိုတာတွေ့ရပါလိမ့်မယ်။ တည်ငြိမ်အေးချမ်းမှုဆိုတဲ့ လူတိုင်းတောင့်တနေတဲ့အရာကိုကော ဒီမိုကရေစီစနစ်ကြီးကသာ အလုံးစုံပေးနိုင်တယ်ဆိုတာ သေချာပါရဲ့လား၊ လူ့အခွင့်အရေးဆိုပေမဲ့ အာဏာရှင်အပြုအမူကိုလည်း လုပ်ချင်လုပ်တတ်ကြတယ်။ ဒီမိုကရေစီအရ လူများစုဆန္ဒလိုက်ရမယ်ဆိုပေမဲ့ လိုက်ချင်မှလည်း လိုက်မယ်၊ လူနည်းစုစကား နားထောင်ရမယ်ဆိုပေမဲ့ လက်တွေ့နားထောင်ချင်မှလည်း နားထောင်ပါလိမ့်မယ်။ ဒါဟာ ယနေ့ပြင်သစ်မှာ ဖြစ်ပျက်နေတဲ့အရာတွေပါ။

စံပြဒီမိုကရေစီကို တမ်းတနေသူတွေအနေနဲ့ ယနေ့ပြင်သစ်ပြည်သူတွေ ခံစားနေရတဲ့ တရားမမျှတမှုနဲ့ မတည်ငြိမ်တဲ့ လူမှုစီးပွားဘဝတွေကို ဘယ်နိုင်ငံရေးစနစ် ဘယ်လိုနည်းလမ်းနဲ့ ဖြေရှင်းသင့်ပါသလဲ။ လူ့အခွင့်အရေးအရ စာနာမှုနဲ့ နိုင်ငံသားဘဝရခဲ့ကြသူတွေရဲ့ အကြွင်းမဲ့သစ္စာစောင့်သိမှုနဲ့ နိုင်ငံချစ်စိတ်အပေါ်မှာကော စိတ်ချလက်ချယုံကြည်သင့်ပါရဲ့လား၊ စကားလုံးလှလှသုံးပြီး လက်တွေ့မလိုက်နာနိုင်သူတွေကြားမှာ လူသားအကျိုးထက် နိုင်ငံရေးဗန်းပြစနစ်တွေ စံနှုန်းတွေကို ပို၍ဖေါင်းပေးသင့်ပါသလား။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးထက် တစ်ပါးနိုင်ငံ၊ တစ်ပါးလူမျိုးအပေါ်မှာ အထင်ကြီးလေးစား လွမ်းမောနေသူတွေအတွက် ပြင်သစ်နိုင်ငံရဲ့ ခါးသီးဖွယ်အတွေ့အကြုံများကနေ သင်ခန်းစာယူသင့်ပါကြောင်းသာ တင်ပြလိုက်ရပါတော့တယ်။ ။

> **၂၀၁၇ ခုနှစ်ကတည်းကဖြစ်နေခဲ့တဲ့ ဒီလိုအလားတူဖြစ်စဉ်တွေကြောင့် ပြင်သစ်ရဲတွေရဲ့အသတ်ခံရတဲ့ အာရပ်၊ အာဖရိကနွယ်ဖွားအရေအတွက်ဟာ ၁၃ ယောက် ရှိခဲ့ပြီဖြစ်ပါတယ်။ သူများနိုင်ငံရဲ့ အရေးအခင်းများမှာ ဆန္ဒပြသူတစ်ယောက်ယောက်သေရင် အစိုးရက ရက်ရက်စက်စက်သတ်ဖြတ်တယ်လို့ စွပ်စွဲကြသူတွေ၊ ဇာတ်နာ အောင်မီးထိုးခဲ့သူတွေ၊ သတင်းမှန်မမှန်မစိစစ်ဘဲ သူများပြည်တွင်းရေးဝင်စွက်ဖက်ခဲ့သူတွေ၊ အမှန်ကိုလက်မခံ၊ လုပ်ဇာတ်ခင်း၊ အမှားသတင်းကိုမှ လက်ခံယုံကြည်ပြီး ဆိုင်ရာနိုင်ငံတွေကို စီးပွားရေးအရ ပိတ်ဆို့ဟန့်တား၊ ဒုက္ခရောက်အောင်လုပ်ကြတဲ့နိုင်ငံတွေထဲမှာ ယခုလို အပြစ်မဲ့ကိုယ့်ပြည်သူတွေကို ရက်ရက်စက်စက်ပစ်သတ်၊ရိုက်နှက်၊ ဖမ်းဆီးထောင်ချနေတဲ့ ပြင်သစ်လည်း ပါဝင်ပါတယ်။ စံနှုန်းနှစ်မျိုးနဲ့ လူ့အခွင့်အရေးပုံစံအမျိုးမျိုးကို နှိုင်းယှဉ်ချိန်ဆသုံးသပ်နိုင်အောင် ဖြစ်ပါတယ်**

◆ *ရှေ့ဖုံးမှ*

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက စက်မှုထုတ်ကုန်ပစ္စည်းများနှင့် လျှပ်စစ် (EV) ကားများ၊ အားသွင်းစက်များ ပြသထားရှိမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

အဆိုပါဈေးရောင်းပွဲနှင့် ပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၏ စက်မှုဇုန် ၂၉ ဇုန်မှ ထုတ်ကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ နေပြည်တော်ကောင်စီအပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) ထုတ်ကုန်အရောင်းဆိုင်ခန်းများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ Digital economy coner နည်းပညာပြခန်းများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) နှင့် ညီနောင်အသင်းများမှ အရောင်းပြခန်းများ၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ပြခန်းများ၊ အခြားအသင်းအဖွဲ့များမှ ပြခန်းများနှင့်ပုဂ္ဂလိက လုပ်ငန်းရှင်များမှ ပြခန်းများ ခင်းကျင်းပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် လက်လီရောင်းချသူများအသင်းက ဆန်ကိုလည်းကောင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက စားသုံးဆီကိုလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ဈေးလာရောက်ဝယ်ယူသူများအား Dancer အကများ၊ ရှိုးပွဲများ၊ ဒီဂျေများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး အတွင်းပတ်လမ်းမှ မော်တော်ယာဉ်များဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်။



အဆိုပါ ဈေးရောင်းပွဲတော်ကို ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ နံနက် ၉ နာရီမှ ည ၇နာရီအထိ ပြသရောင်းချမည်ဖြစ်ကြောင်းနှင့် ဆိုင်ခန်းရောင်းချမည့်သူများနှင့် ဈေးလာရောက်ဝယ်ယူကြသူများ စားသောက်ရေးအတွက် တန်ဖိုးသင့်ထမင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV)ပြပွဲ အများပြည်သူ စိတ်ဝင်စားစွာ ပါဝင်ဆင်နွှဲ

**ရန်ကုန် ဩဂုတ် ၄**

၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား (EV)ပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ပြင်သူ့ရင်ပြင်၌ ကျင်းပပြီး အဆိုပါမိုးရာသီဈေးရောင်းပွဲတော်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ စက်မှုထုတ်ကုန်များကို ပြခန်းပေါင်း ၁၁၃ ခန်းဖြင့် ပါဝင်ပြသလျက်ရှိရာ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများအပါအဝင် ပြည်သူများ ဝယ်ယူအားပေးမှု များပြားခဲ့သည်။

ထို့အပြင် စက်မှုထုတ်ကုန်ပြပွဲ၌ E-Market Platform ၁ ခု၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများ၊ သမဝါယမအသင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း (MSMEs) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းနှင့် E-Sport Gameတို့မှ ပြသရောင်းချလျက်ရှိသည့်အပြင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှလည်း ဒေသထုတ်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ပြည်သူများ အထူးစိတ်ဝင်စားသည်မှာ လျှပ်စစ်ကား(EV) နှင့် လျှပ်စစ်ဆိုင်ကယ်ပြပွဲဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များအသင်းတို့မှ စားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိရာ ဝန်ဆောင်မှုပေးနေသည့် ဌာနဆိုင်ရာများ၊ လာရောက်ကြသည့် ပြည်သူတို့၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။



ဦးအောင်ကိုဆက်



ဒေါက်တာအောင်မြတ်



ဦးဝေလင်း



ဦးမောင်မောင်လတ်



ဒေါ်မင်းမင်းအေး



ဒေါ်သီတာဝင်း



ခွန်ဖြိုးကျော်ဝေ

**ဦးအောင်ကိုဆက်**
**(Business Development Leader)**

ကျွန်တော်တို့ (MG) NPK Motor အနေနဲ့ MG EV ကားတွေကို အိမ်စီးကားအပြင် အငှားယာဉ်တက္ကစီအနေနဲ့ ဝန်ဆောင်မှုပေးနေတာ ဖြစ်ပါတယ်။ နေပြည်တော်မှာ ဧပြီလကစပြီး ကားအစီးရေ ၁၅ စီးနဲ့ တက္ကစီတွေ ပြေးဆွဲပါတယ်။ ကားအင်ဂျင်သံ ဆူညံမှုမရှိတဲ့အပြင် သက်သောင့်သက်သာရှိပြီး ဆီကားဈေးနှုန်းထက် ၃၀ ရာခိုင်နှုန်း သက်သာတာကြောင့် ခရီးသည်တွေအနေနဲ့ သွားလာမှုအဆင်ပြေကြပါတယ်။ EVကား ဖြစ်တဲ့အတွက် သပြေကုန်းမှာ တည်ဆောက်ထားတဲ့ MG Charging Station ကို အခြေပြုပြီး တက္ကစီဝန်ဆောင်မှု ပေးနေပါတယ်။ ရန်ကုန်မှာလည်း ပြေးဆွဲသွားမှာဖြစ်ပါတယ်။

**ဒေါက်တာအောင်မြတ်(ဒုတိယညွှန်ကြားရေးမှူး-မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန)**

ကျွန်တော်တို့ဌာနအနေဖြင့် ကျန်းမာရေးနဲ့ညီညွတ်မှုရှိတဲ့၊ နေ့စဉ်ထုတ်လုပ်တဲ့ အသားတွေကို ဈေးနှုန်းသက်သာစွာ အများပြည်သူဝယ်ယူစားသုံးနိုင်အောင် ရောင်းချပေးနေပါတယ်။ ဝက်သား တစ်ပိဿာ ၁၄၀၀၀ ကျပ်၊ ဆိတ်သား တစ်ပိဿာ ၂၃၀၀၀ ကျပ်(အသား)၊ အမဲသားတစ်ပိဿာ ၁၃၀၀၀ ကျပ်၊ ကြက်သား တစ်ပိဿာ ၈၅၀၀ကျပ်နဲ့ အပြင်ဈေးနှုန်းထက်သက်သာစွာ ရောင်းချပေးနေပါတယ်။ ဝယ်ယူသူများပါတယ်။

**ဦးဝေလင်း (လက်ထောက်ညွှန်ကြားရေးမှူး-ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန)**

ကျွန်တော်တို့ဌာနအနေနဲ့ ဟင်းသီးဟင်းရွက်နဲ့သီးနှံ ၁၆ မျိုးကို ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးနေပါတယ်။ ဟင်းသီးဟင်းရွက်ကို ညောင်နှစ်ပင်နဲ့ အသီးအနှံကို သီရိမင်္ဂလာဈေးကယူပြီး ရောင်းချပေးတာဖြစ်တဲ့အတွက် ဈေးနှုန်းသက်သာပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့အော်ဂဲနစ်ဟင်းသီးဟင်းရွက်၊ အသီးအနှံကို ဈေးနှုန်းသက်သာစွာ လတ်လတ်ဆတ်ဆတ်နဲ့ ဝယ်ယူနေကြတာမြင်တော့ ကျွန်တော်တို့ ကြည်နူးဝမ်းသာရပါတယ်။

**ဦးမောင်မောင်လတ် (တွဲဖက်အတွင်းရေးမှူး - မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း)**

ဒီနေ့ရောင်းချပေးတာက ဟင်းသီးဟင်းရွက်ဆီပါ။ တစ်ပိဿာတစ်ဘူးကို ကျပ် ၅၅၀၀ နဲ့ရောင်းပေးပါတယ်။ တစ်ဦးကို တစ်ပိဿာနှုန်း ရောင်းချပေးတာပါ။ ဝန်ထမ်းနဲ့ ဌာနဆိုင်ရာဆိုရင် သီးခြားရောင်းချပေးပါတယ်။ နံနက် ၉ နာရီကနေ ညနေ ၆ နာရီအထိ သုံးရက်တိုင်ရောင်းချပေးသွားမှာပါ။ အပြင်ဈေးနှုန်းထက်နည်းတဲ့ပမာဏနဲ့ ဝယ်ယူရတဲ့အတွက် စားသုံးသူပြည်သူတွေ ပျော်ရွှင်နေတာမြင်ရတော့ ကျွန်တော်တို့လည်း ထပ်တူပီတိဖြစ်ရပါတယ်။

**ဒေါ်မင်းမင်းအေး(ပြည်သူ)**

ဒီနေ့ဝယ်ယူတဲ့ အသားတွေဟာ လတ်ဆတ်ပြီး ရေခဲရိုက်တာမရှိ၊ ရေထိုးတာမရှိတဲ့အပြင် ဈေးနှုန်းသက်သာတယ်။ အလေးချိန်ခွင်လည်းပြည့်တယ်။ မိုးရာသီဈေးရောင်းပွဲတော်က ၃ ရက်ဆိုတော့ နောက်ရက်တွေလည်းလာမှာပါ။ အခုလို အသားတွေ၊ ဟင်းသီးဟင်းရွက်တွေ၊ ကြက်ဥ၊ ဆီ၊ ဆန်တွေကို သက်သာတဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးတဲ့အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါ်သီတာဝင်း(ဝန်ထမ်းတစ်ဦး)**

အပြင်ထက်စာရင် ဈေးနှုန်းသက်သာတဲ့အပြင် အသီးအရွက်တွေက လတ်ဆတ်တဲ့အတွက် ဝယ်ချင်စရာလည်း ဖြစ်နေတယ်။ နောက်ရက်တွေလည်း ဆက်လက်ပြီး ဝယ်ယူအားပေးသွားမှာပါ။ အခုလို မျိုးဆက်ပြီး ရောင်းပေးဖို့လည်း အကြံပြုလိုပါတယ်။

**ခွန်ဖြိုးကျော်ဝေ(ပအိုဝ်းတိုင်းရင်းသား)**

ကျွန်တော်က ဒုတိယနှစ်ကျောင်းသားပါ။ ဒီနေ့စက်မှုထုတ်ကုန်ပြပွဲကို သူငယ်ချင်းတွေနဲ့ လာတဲ့အခါမှာ စားစရာတွေ၊ ဝယ်စရာတွေ၊ ပညာယူစရာတွေ အများကြီး တွေ့ရပါတယ်။ သူငယ်ချင်းတွေနဲ့ အတူ စတုဒိသာမုန့်ဟင်းခါးနဲ့ အချိုရည်တွေလည်း သောက်ကြတယ်။ ကျွန်တော်တို့ လျှပ်စစ်(EV)ကားတွေကို စိတ်ဝင်စားတယ်။ အခုလို ကဏ္ဍစုံက ပါဝင်ပြသတဲ့အတွက် ကျွန်တော်တို့လူငယ်တွေ ပိုပြီး ဗဟုသုတရစေမှာ ဖြစ်ပါတယ်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရှမ်းရွာသစ်မြို့တွင် ၆ ဒသမ ၆၉ လက်မ၊ ကျောက်တော်မြို့တွင် ၆ ဒသမ ၂၂ လက်မ၊ မိုးကုတ်မြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၄ ဒသမ ၅၂ လက်မစီ၊ ပလက်ဝမြို့တွင် ၄ ဒသမ ၂၁ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၂၆ လက်မ၊ ကျိုက်ဒုံမြို့တွင် ၃ ဒသမ ၂၀ လက်မ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၃ ဒသမ ၀၄ လက်မစီနှင့် ပိုင်ကျုံမြို့တွင် ၃ ဒသမ ၀၀ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ စားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise) အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် ဩဂုတ် ၄

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ အပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်းကို ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ နေပြည်တော်ရှိ Park Royal ဟိုတယ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။**

လေ့ကျင့်ခန်း ဒုတိယနေ့ ဩဂုတ် ၃ ရက်နေ့တွင် လေ့ကျင့်ခန်းအစီအစဉ်အလိုက် ဆောင်ရွက်မည့် လေ့ကျင့်ခန်းပါ စစ်ဆင်ရေးစီမံချက်အား မြန်မာ-ရုရှားကိုယ်စားလှယ်အရာရှိကြီးများက ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် နိုင်ငံတကာ တပ်မတော်အရာရှိကြီးများက နိုင်ငံအလိုက် အလှည့်ကျ တက်ကြွစွာ ပါဝင်ဆွေးနွေးကြသည်။

အဆိုပါ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်းသို့ ပူးတွဲဥက္ကဋ္ဌနိုင်ငံများဖြစ်သည့် မြန်မာ၊ ရုရှားနိုင်ငံတို့နှင့်အတူ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **(ဝဲပုံ)**





လေ့ကျင့်ခန်း တတိယနေ့နံနက်ပိုင်းတွင် နယ်မြေခံသင်တန်းကျောင်း၌ မြန်မာ့တပ်မတော် အထူးတာဝန်တပ်ဖွဲ့ဝင်များက စွမ်းရည်သရုပ်ပြခြင်းသို့ သွားရောက်ကြည့်ရှုလေ့လာပြီး နေ့လယ်ပိုင်းတွင် စားပွဲတင်လေ့ကျင့်ခန်းကို ဆက်လက်ဆောင်ရွက်ကာ အခမ်းအနားပိတ်သိမ်းပြီး ညပိုင်းတွင် ညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံခဲ့သည်။

လေ့ကျင့်ခန်းကာလတွင် စားပွဲတင်လေ့ကျင့်ခန်းသို့ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များသည် လေ့လာရေးခရီးစဉ်အဖြစ် တပ်မတော်စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်နှင့် ကျောက်မျက်ရတနာပြတိုက်များသို့ သွားရောက်လေ့လာခဲ့ကြပြီး ဥပ္ပါတသန္တိစေတီတော်နှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ယခုပြုလုပ်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင် လေ့ကျင့်ခန်းသည် အာဆီယံနိုင်ငံများနှင့်ဆွေးနွေးဖက်နိုင်ငံများအကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ် ခုနစ်ခုအနက် အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး (Counter Terrorism) နယ်ပယ်အတွက် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူပြီးဆောင်ရွက်ခဲ့သည့် လေ့ကျင့်ခန်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## စစ်တောင်းမြစ်ရေနှင့် နန့်ကောင်းမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၄**

ယနေ့ ညနေ ၆ နာရီ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ ညနေ ၆ နာရီ တိုင်းထွာချက်အရ နန့်ကောင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့နှင့် မိုးကောင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

---

◆ *ကျောဖုံးမှ*

ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

နန့်ယင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် မိုးကောင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

---

## မြောင်းမြမြို့၌ Mobile Library Bus ဖြင့် ဌာနဆိုင်ရာ၊ ကျောင်းများအရောက် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေး

**မြောင်းမြ ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာကြည့်တိုက်သို့ မအားလပ်၍ မလာရောက်နိုင်သော ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများ စာပေနှင့်စဉ်ဆက်မပြတ်စေရေး၊ အချိန်မကုန် လူမပင်ပန်းစေဘဲ စာအုပ်စာစောင်များ အဆင်ပြေပြေ ငှားရမ်းဖတ်ရှုနိုင်ရေး၊ စာဖတ်ရှိန် ပိုမိုမြင့်မားလာစေရေးတို့အတွက် Mobile Library Bus ဖြင့် ယနေ့နံနက်က ခရိုင်မီးသတ်ဦးစီးဌာန၊ သူနာပြုသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ သုတ/ရသ စာအုပ်စာစောင်မျိုးစုံ ယူဆောင်၍ သွားရောက် ငှားရမ်းပေးသည်။



ထိုသို့ စာအုပ်များငှားရမ်းပေးရာတွင် ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် အသိပညာဗဟုသုတများစွာ ရရှိမည့် သုတ/ရသ စာအုပ် စာစောင်များ စုံလင်စွာ ငှားရမ်းပေးပြီး ငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တ နှစ်ပတ်လျှင် တစ်ကြိမ် လဲလှယ်စနစ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

## အုတ်တွင်းမြို့နယ်အတွင်း ဆည်ရေစီမံခန့်ခွဲမှုစနစ် တိုးတက်ကောင်းမွန်စေရေး ပညာပေးဆွေးနွေး

**အုတ်တွင်း ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဆည်ရေသောက်စနစ်အတွင်း ဆည်ရေစီမံခန့်ခွဲမှုစနစ်တိုးတက်ကောင်းမွန်စေရေး ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဟင်းငုတ်ပင် ဆည်မြောင်းဦးစီးဌာနရုံးဝင်း ဧည့်ရိပ်သာ၌ ကျင်းပသည်။



အခမ်းအနားတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်) လုပ်ငန်းစစ်ဆေးရေးဌာနခွဲ ရေစီမံခန့်ခွဲမှုဌာနစိတ်မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးစဝ်ခွန်ဦးက ခပေါင်းဆည်ရေသောက်စနစ်၊ မင်းရဲဆည်ရေသောက်စနစ်၊ ရေသိုးဆည်ရေသောက်စနစ်၊ ကမ်းနီဆည်ရေသောက်စနစ်၊ ဆွာဆည်ရေသောက်စနစ်၊ ချောင်းမကြီး (မြို့လှ) ဆည်ရေသောက်စနစ်တို့မှ ရေအသုံးချသူများအဖွဲ့ (WUG) အဖွဲ့ဝင်များအား ဆည်ရေစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေး၊ ဆည်မြောင်းဥပဒေနှင့်နည်းဥပဒေများ လိုက်နာစေရေးနှင့် ဆည်ရေသောက်စနစ်အတွင်း ပြုပြင်ထိန်းသိမ်းရေး လမ်းညွှန်ချက်များကို ပညာပေးဟောပြောဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်) လုပ်ငန်းစစ်ဆေးရေးဌာနခွဲ ရေစီမံခန့်ခွဲမှုဌာနစိတ်မှ တာဝန်ရှိသူများ၊ မြို့နယ် ဆည်မြောင်းဦးစီးဌာနနှင့် ရေအသုံးချသူများအဖွဲ့(WUG)အဖွဲ့ဝင် ၄၀ တက်ရောက်ဆွေးနွေးခဲ့ကြောင်း မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ သိရသည်။ **ကိုမင်း(ပြန်/ဆက်)**

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

၂၀၂၃ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၀၉ ခုနှစ်ကစတင်၍ ပြည်သူလူထုအနေဖြင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုသိရှိ၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်ရည်ရွယ်ပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် နှစ်စဉ်ဩဂုတ်လ၏ ပထမရက်သတ္တပတ်ကို မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယရက်သတ္တပတ်ကို ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ရက်သတ္တပတ်များအဖြစ် သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း။



နှစ်စဉ် ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်တွင် ဆောင်ပုဒ်တစ်ခုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ပေးရာတွင် ယခုနှစ်အတွက် ဆောင်ပုဒ်မှာ"Enabling breastfeeding: making a difference for working parents" "လုပ်ငန်းခွင်ဝင်မိခင်တို့ နို့ချိုတိုက်ကျွေးနိုင်စေဖို့ ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်စို့"ဟူ၍ ဖြစ်ကြောင်း၊ မိခင်နို့သည် ကလေးအတွက် ပထမဆုံးနှင့် အကောင်းဆုံး အစာအာဟာရဖြစ်ပြီး မွေးစမှ ကလေးအသက်ခြောက်လအရွယ်အထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရန်လိုအပ်ပြီး ခြောက်လပြည့်ပြီးနောက်တွင် အသက်အရွယ်အလိုက် သင့်တော်သည့် ဖြည့်စွက်စာနှင့်အတူ ကလေးအသက် နှစ်နှစ်အရွယ်အထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးရန် လိုအပ်ကြောင်း။

အသက် ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ်ကလေးသူငယ်များ အာဟာရဖွံ့ဖြိုးရေးအတွက် အင်အားပြည့် ဗီတာမင်အေဆေးလုံးကို အသက်ခြောက်လမှ ငါးနှစ်အောက် ကလေးသူငယ်များနှင့် နို့တိုက်မိခင်များကို တိုက်ကျွေးခြင်း၊ အသက်နှစ်နှစ်အထက် ကလေးသူငယ်များအားလုံးကို သန်ချဆေး တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးအတွက် ကိုယ်ဝန်ဆောင်မိခင်များကို သံဓာတ်ဆေးပြားနှင့် ဗီတာမင်ဘီဝမ်းဆေးပြားများ တိုက်ကျွေးခြင်း၊ နို့တိုက်မိခင်များကို ဗီတာမင်ဘီဝမ်းဆေးပြားများ တိုက်ကျွေးခြင်းတို့ကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များကာလတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း ပြခန်းကို လှည့်လည်ကြည့်ရှုပြီး အသက်ငါးနှစ်အောက် ကလေးများကို အင်အားပြည့် ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးပြားများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း သံတွဲခရိုင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဩဂုတ် ၄**

ရခိုင်ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက သံတွဲခရိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲခရိုင် ဂွမြို့နယ်နှင့် ကျိန္တလီမြို့ ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြီး ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများနှင့် ကျန်းမာရေး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားကာ အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂွမြို့နယ် ဘိုကလေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုအား လှည့်လည်ကြည့်ရှု အားပေးကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။ ယင်းနောက် ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲမြို့နယ် ပဒဲကောကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးကျော်ရွှေ၏ အသားတိုးကြက် မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှု အားပေးကြပြီး **(အပေါ်ပုံ)** လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ကြိမ်ချောင်းကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနမှ အကျိုးဆောင်တောင်သူဖြစ်င့် မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ဖြစ်ထွန်း အောင်မြင်နေမှုကို ကြည့်ရှုအားပေးသည်။





မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။**(ဝဲပုံ)** တွေ့ဆုံပွဲတွင် သံတွဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးချစ်က သံတွဲခရိုင်၏ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိတို့ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေး ဆောင်ရွက်သည့်အခါ နိုင်ငံတော်အကြီးအကဲက ယခင်အခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ဌာန၏ မူလတာဝန်များကို ယခင်ထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်သွားကြမည်ဆိုလျှင်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ မုန်တိုင်းကာလအလွန်တွင် ပညာရေး၊ ကျန်းမာရေးနှင့် သာသနိကအဆောက်အဦများကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ မိုးစပါးစိုက်ပျိုးရာသီတွင် ယခင်ထက်အထွက်နှုန်းကောင်းမွန်ရေးအတွက် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များကို ဖြန့်ဝေထားပြီး ထွန်ယက်စိုက်ပျိုးနေကြပြီ ဖြစ်ကြောင်း၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် စိုက်နည်းစနစ်မှန်ကန်စေရေး လိုအပ်သည့် နည်းပညာများ၊ ပံ့ပိုးပေးရမည့်ကိစ္စရပ်များကို သက်ဆိုင်ရာဌာနများက မြေပြင်ကွင်းဆင်းပြီး ပြည်သူများနှင့် ထိတွေ့ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်း၌ရှိသည့် ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ကြစေလိုကြောင်း။

ကျောင်း ကျန်းမာရေးလုပ်ငန်းများ၊ ကျောင်းသန့်ရှင်းရေး လုပ်ငန်းများကိုလည်း ဝိုင်းဝန်းလုပ်ဆောင်ကြစေလိုကြောင်း၊ ထို့အတူ ဒေသတစ်ခု ထုတ်ကုန်တစ်ခု ထွက်ရှိနိုင်အောင် ကြိုးစားလုပ်ဆောင်ကြစေလိုကြောင်း၊ အသေးစား၊ အလတ်စား၊ အငယ်စား ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အားပေးလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ လိုအပ်သည့်ချေးငွေများ ထုတ်ချေးပေးနိုင်ရေး လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ သံတွဲခရိုင်အတွင်းရှိ မြို့နယ်များ၊ ရုံးများတွင် အုန်းပင်များ၊ အရိပ်ရပင်များ၊ လေကာပင်များနှင့် ဒေသအတွက် အကျိုးရှိသည့် အပင်များကို စိုက်ပျိုးကြစေလိုကြောင်း၊ အလားတူ ဟင်းသီးဟင်းရွက် စားသုံးမှုဖူလုံစေရန်အတွက် မိမိအိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးသွားကြရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးပြီး သစ်ပင်များကိုလည်း ရှင်သန်ကြီးထွားအောင် ပြုစုပေးကြရမည်ဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာ အချင်းချင်း ပူးပေါင်းကာ ခရိုင်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။ **တင်ထွန်း(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ဆက်သွယ်ထားသော ကတိုက်ကြီးကျေးရွာသွားတာလမ်းအား ရေကျော်နေပြီဖြစ်ကြောင်းနှင့် အပေါ်ဘက် သိမ်ဆိပ်ကွင်းရှိ လယ်ကွင်းများ ရေနစ်မြုပ်နေပြီး အောက်ဘက် ကျိုက္ကော်ကွင်းရှိ လယ်ကွင်းများလည်း ရေကြီးနစ်မြုပ်ဖွယ်ရှိကြောင်း၊ ဘီးလင်းမြစ်ရေမြင့်တက်လာမှုနှင့် မိုးများ ဆက်လက်ရွာသွန်းလာပါက စပါးခင်းများ ပျက်စီးနိုင်ကြောင်း သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ကွင်းတွင် လယ်ယာလုပ်ကိုင်သူ တောင်သူတစ်ဦးက ပြောသည်။

**စပါးခင်းများ ရေနစ်မြုပ်**

သိမ်ဆိပ်ကွင်းနှင့် ကျိုက္ကော်ကွင်းတွင် စပါးစိုက်ဧက ငါးထောင်ကျော်ရှိပြီး ပင်လယ်နားနီးသည့် အောက်ကွင်းကျေးရွာများဖြစ်သော ကတိုက်ကြီး၊ ကတိုက်လေး၊ ဆိပ်ကျွန်း၊ မရမ်းကုန်း အစရှိသည့် ကျေးရွာအုပ်စု ရှစ်ခုတွင်လည်း စပါးခင်းများ ရေနစ်မြုပ်နေကြောင်း၊ ခန့်မှန်းစပါးစိုက်ဧက နှစ်သောင်းကျော် ရှိနိုင်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ သိရသည်။

**ခွန်(ဝင်းပ)**

# ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များဖြင့် Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | | | | |
| | ၄ | သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၅ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၆ | ဒလမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၃ | ညောင်ဦးမြို့ | ကောင်းမွန် | | | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ကလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ဟုမ္မလင်းမြို့ | ကောင်းမွန် | | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | | |
| | ၂ | ပခုက္ကူမြို့ | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် |
| ၈ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | တိုင်းတာနိုင်ခြင်းမရှိပါ |
| | ၂ | ဗန်းမော်မြို့ | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | |
| | ၁ | စစ်တွေမြို့ | ကောင်းမွန် | | | | | |
| | ၂ | ကျောက်ဖြူမြို့ | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ |
| | ၃ | သံတွဲမြို့ | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ |
| | ၄ | မြောက်ဦးမြို့ | ကောင်းမွန် | | | | | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | တိုင်းတာနိုင်ခြင်းမရှိပါ | | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | | |
| | ၂ | တာချီလိတ်မြို့ | လက်ခံနိုင်သော | တိုင်းတာနိုင်ခြင်းမရှိပါ | | | | |
| | ၃ | လားရှိုးမြို့ | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် |
| | ၄ | ကျိုင်းတုံမြို့ | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ပြည်တွင်းစားသုံးမှုများပြားသည့် ပေါ်ဆန်းမွှေးနှင့် ဧည့်မထဆန်များအား သက်သာသောနှုန်းထားဖြင့် ဩဂုတ် ၇ ရက်တွင် စတင်ရောင်းချပေးမည်

**နေပြည်တော် ဩဂုတ် ၄**

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းနှင့် ပို့ကုန်ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြည်တွင်းစားသုံးမှုများပြားသည့် ဆန်အမျိုးအစားများကို သက်သာသည့် ဈေးနှုန်းဖြင့် ဩဂုတ် ၇ ရက်မှ စတင်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ဆန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ယခုကဲ့သို့ ရောင်းချပေးခြင်းဖြစ်ပြီး ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ဆန်စပါးကုန်စည်ဒိုင်နှင့် ဘုရင့်နောင်ရှိ ဆန်စပါးကုန်စည်ဒိုင်တို့တွင် ရွှေဘိုပေါ်ဆန်းမွှေး (၁၀၈) ပေါင် တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ မှ ၁၂၀၀၀၀ ကျပ်နှုန်း၊ ဧရာဝတီ ပေါ်ဆန်းမွှေးဆန်များ (၁၀၈) ပေါင် တစ်အိတ်လျှင် ငွေကျပ် ၉၄၀၀၀ မှ ၉၇၀၀၀ ကျပ်နှုန်း၊ ဧည့်မထ (၁၀%) စားဆန်များ (၁၀၈) ပေါင် တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀ နှုန်းနှင့် ဧည့်မထ (၂၅%) စားဆန်များ (၁၀၈) ပေါင်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ နှုန်းတို့ဖြင့် သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ထားသည်။

သက်သာသောဈေးနှုန်းဖြင့် ဆန်ရောင်းချမည့် အစီအစဉ်အရ ဝယ်ယူလိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြ၍ လူတစ်ဦးလျှင် တစ်လအတွက် ပေါ်ဆန်းအမျိုးအစား ဆန်အိတ်တစ်အိတ်နှင့် ဧည့်မထအမျိုးအစား ဆန်အိတ်တစ်အိတ်ကို လွတ်လပ်စွာ ဝယ်ယူနိုင်မည်ဖြစ်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဌာန၊ စက်ရုံအလုပ်ရုံ ကုမ္ပဏီများမှ တင်ပြစာဖြင့် အီးမေးလ်လိပ်စာဖြစ်သည့် admin@mrf.com.mm သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဖုန်းနံပါတ် ၀၉-၄၀၀၀၆၇၂၆၀၊ ၀၉-၄၀၀၀၆၇၂၇၀ ဝါးတန်း ဆန်စပါးကုန်စည်ဒိုင် ၀၁၈-၂၂၁၄၄၈ နှင့် ဘုရင့်နောင် ဆန်စပါးကုန်စည်ဒိုင် ၀၉-၇၆၉၀၂၉၄၂၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

ခင်ရတနာ

## မုဒုံမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းနှင့်ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့

**မုဒုံ ဩဂုတ် ၄**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို ဩဂုတ် ၃ ရက်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ သွားရောက်ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်အောင်နှင့် ဝန်ထမ်းများက ဩဂုတ် ၂ ရက်နှင့် ၃ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးလန် ပျက်စီးမှုဖြစ်ပွားခဲ့သည့် တောင်ပကျေးရွာ၊ ကလေ့သော့ကျေးရွာနှင့် မြို့မ (၄) ရပ်ကွက်တို့ရှိ အိမ်ထောင်စု ၂၈ စု ၊ လူဦးရေ ၁၁၂ ဦးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၆၇၀၀၀၀၊ ဆန်ရိက္ခာဖိုးငွေကျပ် ၂၃၅၂၀၀ စုစုပေါင်း ကျပ် ၉၀၅၂၀၀ ကို သွားရောက်ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်သူများအား လေပြင်းဘေး၊ မုန်တိုင်းဘေးအန္တရာယ်များ ကျရောက်ပါက ကြိုတင်ပြင်ဆင်သတိပြုလိုက်နာရမည့် အချက်များ၊ တိုက်ခတ်ပြီးနောက် ဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သားငယ် (ပြန်/ဆက်)

# ဘီးလင်းမြစ်ရေကြီးမှုကြောင့် ရေဘေးသင့်ပြည်သူ ၆၁၂၉ ဦးအတွက် ကယ်ဆယ်ရေးစခန်း ၂၄ ခု ဖွင့်လှစ်ထား

**ဘီးလင်း ဩဂုတ် ၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းကာ တောင်ကျရေများစီးဆင်းမှုကြောင့် ဘီးလင်းမြစ်ရေသည် ယနေ့နံနက်ပိုင်းတွင် ဘီးလင်းမြစ်၏ စိုးရိမ်ရေမှတ် ၁၀၂၂ စင်တီမီတာအထက် ကျော်လွန်ကာ ၁၀၅၇ စင်တီမီတာသို့ ရောက်ရှိလာသည့်အတွက် မြို့ပေါ်ရပ်ကွက် လေးခုနှင့် ကျေးရွာအချို့ရှိ နေအိမ်များ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ရေကြီး ရေလျှံမှုကြောင့် ရေဘေးသင့်အိမ်ခြေ ၁၂၄၁ ခုရှိ အိမ်ထောင်စု ၁၂၅၈ စုမှ အမျိုးသား ၂၉၀၄ ဦး၊ အမျိုးသမီး ၃၂၂၅ ဦး စုစုပေါင်း ၆၁၂၉ ဦးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းတင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းလင်းနှင့် မြို့နယ်လူမှုကူညီရေးအသင်းအဖွဲ့များက ရပ်ကွက်နေပြည်သူများပူးပေါင်း၍ ကယ်ဆယ်ရေးစခန်း ၂၄ ခုသို့ ပြောင်းရွှေ့ပေးခြင်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ရေဘေးရှောင်ပြည်သူများအား မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ဆန်၊ ဆီ၊ ကြက်ဥ၊ ရေသန့်ဘူးများနှင့် ခေါက်ဆွဲခြောက်များကို ပေးအပ်ခြင်းနှင့် သက်ကြီး အဘိုး၊ အဘွားများအတွက်လည်း မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများကို စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# တနင်္သာရီမြို့ပေါ်ရပ်ကွက်အတွင်း အနိမ့်ပိုင်းနေရာများတွင် မြစ်ရေများဝင်ရောက်

**တနင်္သာရီ ဩဂုတ် ၄**



တနင်္သာရီတိုင်းဒေသကြီးတနင်္သာရီမြို့နယ်အတွင်း မိုးများအဆက်မပြတ် သည်းထန်စွာ ရွာသွန်းနေမှုကြောင့် ဩဂုတ် ၃ ရက် မွန်းလွဲ ၃ နာရီက စတင်ပြီး မြို့ပေါ်ရပ်ကွက်အတွင်း အနိမ့်ပိုင်းနေရာတချို့တွင် တနင်္သာရီမြစ်ရေများ ဝင်ရောက်နေပြီဖြစ်သည်။

ချောင်းငယ်ရပ်ကွက်အတွင်း အနိမ့်ပိုင်းနေရာဖြစ်သည့် မွန်စု-သီတာလမ်း (ရိပ်သာလမ်းနှင့် သီတာလမ်းဆုံ) နေရာ၌ တစ်ပေခွဲခန့်နှင့် ရေဆိပ်အဆင်းလမ်းတွင် တစ်ပေခန့် ဝင်ရောက်လျက်ရှိသည်။ အလားတူ ချောင်းကြီးရပ်ကွက် - တိုးချဲ့(၂) လမ်းတွင် ခြောက်လက်မခန့်၊ ရွှေလိပ်ပြာ လမ်းအတွင်း လေးလက်မခန့် မြစ်ရေများ ဝင်ရောက်နေပြီဖြစ်သည်။

သို့ပါ၍ ရပ်ကွက်များအတွင်း ရေများ လျော့ကျစေရေးအတွက် မြို့နယ်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီဝင်များ ကြီးကြပ်၍ မြို့အတွင်းရှိ ရေများကို ရေထိန်းစက်ရုံရှိ ရေစုပ်စက်နှစ်လုံး၊ ရှစ်လက်မ ရေစုပ်ပန့်လေးလုံးတို့ဖြင့် ရေများစုပ်ထုတ်ပေးလျက်ရှိရာ အမှတ်(၂) စစ်နယ်မြေမှူး ဗိုလ်မှူးကြီးအောင်ကိုလတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လာရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တနင်္သာရီမြို့နယ်၏ စိုးရိမ်ရေမှတ်မှာ သာမန်မြစ်ရေအထက် ၁၇ ပေဖြစ်ပြီး အန္တရာယ်ရေမှတ်မှာ ၂၄ ပေ သတ်မှတ်ထားကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ကော့ကရိတ်နှင့် ကျုံဒိုးမြို့များ၌ မြစ်ရေကြီးမှုကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**ကော့ကရိတ် ဩဂုတ် ၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ဩဂုတ် ၁ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းကာ ဟောင်သရောမြစ်နှင့် ဂျိုင်းမြစ်ရေလျှံမှုကြောင့် ကော့ကရိတ်နှင့် ကျုံဒိုးမြို့ပေါ် ရပ်ကွက်များရှိ မြေနိမ့်ပိုင်းတို့တွင် ရေများဝင်ရောက်လျက်ရှိသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ကော့ကရိတ် မြို့နယ်အတွင်းရှိ မြေနိမ့်ပိုင်းများဖြစ်သည့် အမှတ် (၁)၊ (၂)၊ (၄)၊ (၅)၊ (၆) ရပ်ကွက်တို့ရှိ နေအိမ်များတွင် ရေများဝင်ရောက်လျက်ရှိသည်။ ထို့ပြင် အမှတ်(၅) ရပ်ကွက် စက်မှုသိပ္ပံကျောင်းတွင် ရေများ ဝင်ရောက်လာသဖြင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၃၀ ကို ကော့ကရိတ်မြို့နယ် မီးသတ်ဦးစီးဌာနတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ကူညီပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကြာအင်းဆိပ်ကြီးမြို့နယ်၌ ရေဘေးရှောင်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၄**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဇူလိုင် ၃၀ ရက်မှစကာ မိုးရွာသွန်းမှုကြောင့် အမှတ် (၆) ရပ်ကွက်ရှိ မြေနိမ့်ပိုင်းနေရာ၌ ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိပြီး ရေဘေးရှောင်ပြည်သူများမှာ ယာယီရေဘေးရှောင် ကယ်ဆယ် ရေးစခန်းသို့ ဇူလိုင် ၃၁ ရက်မှ စတင်ပြီး ဩဂုတ် ၄ ရက်အထိ အိမ်ထောင်စု ၁၁၂ စု၊ လူဦးရေ ၄၄၉ ဦး၊ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

အဆိုပါ ရေဘေးရှောင်ပြည်သူများအား စားသောက်နေထိုင်မှု အဆင်ပြေစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးငွေကျပ် စုစုပေါင်း ၁၀၄၇၉၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရေဘေးရှောင်စခန်းသို့ သွားရောက်၍ ရေဘေးရှောင်ပြည်သူများထံ ယနေ့ မွန်းလွဲ ၂ နာရီက ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး**

# နိုင်ဂျာနိုင်ငံ၌ နိုင်ငံတော်လုံခြုံရေးအခြေအနေ ဆက်တိုက်ယိုယွင်းလာမှုကို ကာကွယ်ရန် တပ်မတော်က အာဏာသိမ်း

## စီးပွားရေးပိတ်ဆို့မှုများကို ပယ်ချကြောင်း နိုင်ဂျာ အမိမြေကာကွယ်ရေး အမျိုးသားကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးကြေညာ

နီးယားမေ ဩဂုတ် ၄

**နိုင်ဂျာအစိုးရ၏ ညံ့ဖျင်းသည့်စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုများသည် နိုင်ငံတော်လုံခြုံရေး အခြေအနေကို ဆက်တိုက်ယိုယွင်းလာစေသောကြောင့် နိုင်ဂျာအစိုးရ၏ အုပ်ချုပ်မှုကို ရပ်စဲရန် ဆုံးဖြတ်လိုက်ကြောင်း အာဏာသိမ်းခေါင်းဆောင် အမိမြေကာကွယ်ရေးအမျိုးသားကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အက်ဒိုရာဟာမနီ တိုင်ယာနီက ပြောကြားလိုက်သည်။**



နိုင်ငံတကာအရေးယူပိတ်ဆို့မှုများကို ဆန့်ကျင်ဆန္ဒပြနေသည့် နိုင်ဂျာပြည်သူများကို ဩဂုတ် ၃ ရက်တွင် မြို့တော် နီးယားမေ၌ တွေ့ရစဉ်။

နိုင်ဂျာတွင် သမ္မတကိုယ်ရံတော်တပ်ဖွဲ့ဝင်များသည် ၂၀၂၁ ခုနှစ်က ရွေးကောက်တင်မြှောက်ထားသော သမ္မတမိုဟာမက် ဘဇွမ်းကို ဖြုတ်ချအာဏာသိမ်းပြီးနောက် ဗိုလ်ချုပ်ကြီး အက်ဒိုရာဟာမနီ တိုင်ယာနီခေါင်းဆောင်သည့် စစ်အစိုးရတစ်ရပ် ဖွဲ့စည်းလိုက်သည်။

ထိုအချိန်တွင် ကိုလိုနီပြုအုပ်ချုပ်ခဲ့ဖူးသည့် ပြင်သစ်ကို ဆန့်ကျင်သည့် ဆန္ဒပြမှုများ နိုင်ငံအတွင်းဖြစ်ပွားခဲ့ပြီး ဆန္ဒပြသူများကြောင့် ပြင်သစ်သံရုံးလည်း ပျက်စီးခဲ့သည်။

အာဖရိကတွင်လှုပ်ရှားလျက်ရှိသည့် ဝက်ဂ်နာ ရုရှားကြေးစားစစ်တပ်ခေါင်းဆောင် ယက်ဂါနီ ပရီဇင်က နိုင်ဂျာအာဏာသိမ်းမှုကို ချီးကျူးဂုဏ်ပြုခဲ့သည်။ ယခုကဲ့သို့ အာဏာသိမ်းလိုက်ခြင်းက အမှန်တကယ်လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်ပြီး ကိုလိုနီနယ်ချဲ့သမားများကို ဖယ်ရှားလိုက်ခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။

နိုင်ဂျာအာဏာသိမ်းမှု ဖြစ်ပွားပြီးနောက် အနောက်အာဖရိကနိုင်ငံများ၏ စီးပွားရေးအသိုက်အဝန်း (အီကိုဝက်စ်) နှင့် အနောက်အာဖရိက စီးပွားရေးနှင့် ငွေကြေးသမဂ္ဂတို့က ချမှတ်လိုက်သည့် စီးပွားရေးပိတ်ဆို့မှုများကို ပယ်ချကြောင်း နိုင်ဂျာ အမိမြေကာကွယ်ရေး အမျိုးသားကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အက်ဒိုရာဟာမနီ တိုင်ယာနီက ကြေညာခဲ့သည်။ တရားမျှတမှုမရှိသည့် ဒဏ်ခတ်ပိတ်ဆို့မှုများသည် နိုင်ဂျာပြည်သူများကို အထိတ်တလန့်ဖြစ်စေကြောင်း ၎င်းက ကြေညာချက်တွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သည့် သီတင်းပတ်က အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက် နိုင်ဂျာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကို ကန့်ကွက်သည့်အနေဖြင့် အမိမြေကာကွယ်ရေး အမျိုးသားကောင်စီ ထောက်ခံသူများသည် ယမန်နေ့က မြို့တော် နီးယားမေ၌ စုဝေးဆန္ဒပြခဲ့ကြသည်။ ဆန္ဒဖော်ထုတ်ပွဲတွင် “နိုင်ဂျာ၊ ရုရှား၊ မာလီနှင့် ဘာကီနာဖာဆို နိုင်ငံများ အဓွန့်ရှည်ပါစေ” “ပြင်သစ်၊ အီကိုဝက်စ်နှင့် အီးယူတို့ ကျဆုံးပါစေ” ဟု ရေးသားထားသည့် ဆိုင်းဘုတ်များ ကိုင်စွဲဆန္ဒပြခဲ့ကြသည်။

အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီး တိုင်ယာနီသည် လေးနိုင်ငံဆိုင်ရာ နိုင်ဂျာနိုင်ငံသံတမန်များ၏ လုပ်ပိုင်ခွင့်များကို အဆုံးသတ်ရန် အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ လေးနိုင်ငံမှာ ပြင်သစ်၊ အမေရိကန်၊ နိုင်ဂျီးရီးယားနှင့် တိုဂိုနိုင်ငံများဖြစ်သည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ၊ အာတီနယူးစ်

# ဂျော်ဂျီယာအနောက်ပိုင်း၌ မြေပြိုမှုကြောင့် ခြောက်ဦးထက်မနည်းသေဆုံး

**တဘီလီစီ ဩဂုတ် ၄**

ဂျော်ဂျီယာနိုင်ငံ အနောက်ပိုင်းတွင် ကြောက်မက်ဖွယ်မြေပြိုမှုကြောင့် ခြောက်ဦးသေဆုံးကာ ၃၅ ဦးထက်မနည်း ပျောက်ဆုံးနေသည်ဟု ဂျော်ဂျီယာပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ် ၄ ရက်တွင် ပြောသည်။



ရာချာဒေသ အိုနီမြို့နယ်တွင် ဩဂုတ် ၃ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ ၃၅ ဦး ပျောက်ဆုံးနေသည်ဟု ဝန်ကြီးဌာနက ပြောသည်။ လူပေါင်း ၂၀၀ ကို ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရဟတ်ယာဉ်နှစ်စင်းကို စေလွှတ်ထားသည်ဟုလည်း ဝန်ကြီးဌာနက ပြောသည်။

ဂျော်ဂျီယာ ဝန်ကြီးချုပ် အီရက်ကလီ ဂါရီဗာရှီဗလီသည်လည်း ဩဂုတ် ၄ ရက်တွင် သဘာဝဘေးဖြစ်ပွားရာ ဒေသသို့ လာရောက်ကာ ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နေသည်ကို ကြည့်ရှုခဲ့သည်။ ကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိသည်ဟု ဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ အက်ထရာခန်ပြည်နယ်၌ ရုတ်တရက် ရေကြီးမှုကြောင့် ၁၂ ဦး ပျောက်ဆုံးနေ

**နယူးဒေလီ ဩဂုတ် ၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်း အက်ထရာခန်ပြည်နယ်တွင် ရေကြီးမြေပြိုမှုများဖြစ်ပွားခဲ့ပြီး အနည်းဆုံး လူ ၁၂ ဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

အက်ထရာခန် ပြည်နယ်မြို့တော် ဒေ့ရာဒွန်း၏ အရှေ့မြောက်ဘက် ၂၄၅ ကီလိုမီတာအကွာ ရူဒရာပရာယက်ခရိုင်ရှိ ဂေါ်ရီခွန်းအနီးတွင် ယမန်နေ့ညက ဈေးဆိုင်အများအပြား ရေနောက်မျောပါသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဩဂုတ် ၃ ရက် ညက ဂေါ်ရီခွန်းအနီး ကျောက်တုံးများ ပြိုကျခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် ဆိုင်သုံးဆိုင်ထိခိုက်ပြီး ၁၂ ဦးခန့် ပျောက်ဆုံးနေကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များ ချက်ချင်းရောက်ရှိပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်ခဲ့သော်လည်း ယခုအချိန်အထိ ပျောက်ဆုံးသူများကို ရှာမတွေ့သေးကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အရာရှိ ဒါလစ်ပ်ဆင်း ရာဂျ်ဝါက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အနီးနားရှိ တောင်ကုန်းများမှ မြေကြီးများနှင့် ကျောက်တုံးများ ဆက်တိုက်ပြိုကျနေခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ အနှောင့်အယှက်ဖြစ်နေကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**



ပျောက်ဆုံးနေသူများအား ကူညီကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

# ဂျပန်နိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်မှုမှာ ၁၇ ပတ် ဆက်တိုက် များပြား

**တိုကျို ဩဂုတ် ၄**

ဂျပန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုမှာ ၁၇ ပတ်ဆက်တိုက် များပြားလျက်ရှိသည်ဟု ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းပေါင်း ၅၀၀၀ ဝန်းကျင်ကို အပတ်စဉ်စစ်တမ်းကောက်ယူကာ တစ်နိုင်ငံလုံးအနှံ့ ကိုဗစ် -၁၉ ကူးစက်မှုများကို ကျန်းမာရေးဝန်ကြီးဌာနက စောင့်ကြည့်လျက်ရှိသည်။

ဇူလိုင် ၃၀ ရက်မှစတင်ကာ ခုနစ်ရက်အတွင်း ကိုဗစ် -၁၉ ကူးစက်မှုပေါင်း ၇၈၅၀၂ ဦး တွေ့ရှိခဲ့သည်ဟု ပြောသည်။ အဆိုပါပမာဏမှာ ယခင်သီတင်းပတ်နှင့် နှိုင်းယှဉ်လျှင် ၉၉၀၁ ဦး တိုးလာခြင်းဖြစ်သည်။ ဆေးရုံတက်ရသည့် လူနာဦးရေမှာလည်း ၁၄ ရာခိုင်နှုန်းတိုးလာခဲ့သည်။ ကူးစက်မှုအများဆုံး ခရိုင်ငါးခုမှာ ဂျပန်နိုင်ငံအနောက်ပိုင်းမှ ဖြစ်ကြသည်။ တစ်နိုင်ငံလုံးအနှံ့ ကိုဗစ် -၁၉ ကြောင့် ဆေးရုံတက်ရသည့် လူနာသစ် ၁၁၁၄၆ ဦးရှိပြီး ပြီးခဲ့သည့်သီတင်းပတ်ကထက် ၁၇၅၁ ဦး တိုးလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်မှုများမှာ နိုင်ငံတစ်ဝန်း ဆက်လက်များပြားလျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ နွေရာသီကာလအတွင်း ကူးစက်မှုများပြားနိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သည်ဟု သတိပေးခဲ့သည်။ ပြည်သူများအနေဖြင့် လိုအပ်သည့်အခါ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်းကဲ့သို့သော ကြိုတင်ကာကွယ်သည့်နည်းလမ်းများကို လိုက်နာကြရန်လည်း တိုက်တွန်းထားသည်။ အင်န်အိတ်ချ်ကေ

## စက်တင်ဘာလကုန်ထိ ရေနံထုတ်လုပ်မှု လျှော့ချခြင်းကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ဆော်ဒီကြေညာ

ရီယာ့ဒ် ဩဂုတ် ၄

စက်တင်ဘာလကုန်အထိ တစ်နေ့လျှင် ရေနံစည်ပေါင်း တစ်သန်းထုတ်လုပ်မှု လျှော့ချသွားမည်ဟု ဆော်ဒီအာရေဗျက ဩဂုတ် ၃ ရက်တွင် ကြေညာခဲ့သည်။ ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများအသင်းနှင့် OPEC Plus ဟုခေါ်သည့် ရုရှားအပါအဝင် ၎င်းတို့၏မဟာမိတ်များ ဧပြီလအတွင်း ရေနံထုတ်လုပ်မှုတိုးမြှင့်ခြင်းမပြုရန် ဆုံးဖြတ်ပြီးနောက် ယခုလိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအုပ်စုသည် ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းအထိ လက်ရှိထုတ်လုပ်မှုလျှော့ချခြင်းကို ဆက်လက်ထိန်းသိမ်းသွားရန် သဘောတူခဲ့ကြသည်။ အစည်းအဝေးတွင် ဆော်ဒီအာရေဗျက ဇူလိုင်လအတွင်း ရေနံစည်တစ်နေ့လျှင် တစ်သန်းထုတ်လုပ်မှု လျှော့ချမည်ဟု ပြောသည်။ အင်န်အိတ်ချ်ကေ

# မော်လမြိုင်မြို့ ပန်းပဲတန်းရပ်ကွက်ရှိ အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်း၌ ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွား



နေပြည်တော် ဩဂုတ် ၄

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းပဲတန်းရပ်ကွက်ရှိ အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်း၌ ဩဂုတ် ၃ ရက် ည ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက မီးသတ်ယာဉ် ၂၅ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ ၄၉ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

ထိုသို့ မီးလောင်မှုကြောင့် ကျောင်းအုပ်ကြီးရုံးခန်း၊ စာရေးအခန်းနှင့် စာသင်ခန်း ကိုးခန်းပါ နှစ်ထပ်ဆောင် အဆောက်အဦ တစ်လုံး၊ စာသင်ခန်း ခုနစ်ခန်းပါ သုံးထပ်ဆောင် အဆောက်အဦ တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ကာ လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားခဲ့သည့် ကျောင်းသို့ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တိုင်းမှူးဗိုလ်မှူးချုပ် စိုးမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး ဆရာ ဆရာမများအားတွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဩဂုတ် ၄

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။



ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော် ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေး အခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. က တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၀ စီး ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပြီး အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၄

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အရေးယူခြင်းများဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “သန်းလွင်မြင်းခြံ” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၅) ရပ်ကွက်နေ သန်းလွင်အား ဩဂုတ် ၃ ရက် ညနေ ၃ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Khine Lay 591” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက်နေ မိမိမြိုင်(ခ) အိလေးအား ဩဂုတ် ၄ ရက် နံနက် ၁ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

နှစ်သင်းစလုံး အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းကတိုက်စစ်ဖွင့်ကစားခဲ့သည်။ ၃၄ မိနစ်တွင် ရခိုင်ယူနိုက်တက်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ထရာအိုရေးက သွင်းယူခဲ့ခြင်းဖြစ်ကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၅၁ မိနစ်တွင် အသင်းခေါင်းဆောင် ဟိန်းနေဆန်းက ဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် ကြိုးပမ်းသော်လည်း တစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံအသင်းမှ သက်ဟိန်းစိုးက ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းက ၁၅ ပွဲကစား ၁၈ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၁၇ မှတ် ရရှိထားသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက အား/ကာသိပွဲအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် နိုင်ပွဲပြန်လည်ရခဲ့သဖြင့် အဆင့်တက်လာပြီး အား/ကာသိပွဲအသင်းမှာမူ ငါးပွဲဆက် နိုင်ပွဲပျောက်ခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းအတွက် ဂိုးများကို ၁၄ မိနစ်တွင် ဟိန်းဇေယျာမင်း၊ ၅၅ မိနစ်တွင် သက်ပိုင်ကိုတို့က သွင်းယူပြီး အား/ကာ သိပွဲအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၄၅+၃ မိနစ်တွင် သိန်းဇော်သီဟက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မြဝတီအသင်းမှ သက်ပိုင်ကိုက ရရှိသည်။ ယခုပွဲအပြီးတွင် မြဝတီအသင်းက ၁၅ ပွဲကစား ၁၉ မှတ်၊ အား/ကာသိပွဲအသင်းက ၁၅ ပွဲကစား ၂၁ မှတ် ရရှိထားသည်။

ဩဂုတ် ၅ ရက်တွင် ပွဲမရှိဘဲ ဩဂုတ် ၆ ရက်တွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင် ၊ ဓာတ်ပုံ – MNL

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသောအီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့်ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၄

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၈-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၇ | ၂၁၄၂ |
| 95 Ron | ၂၁၇၅ | ၂၂၅၂ |
| HSD (500 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၈၂ |
| HSD (10 ppm) | ၂၄၀၅ | ၂၄၈၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကိုယ်ကျင့်သီလပြည့်စုံသည့် ဝန်ထမ်းကောင်းများဖြစ်စေရေး

■ ဒေါက်တာမင်းသန့် (ဒသန)

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရေးအတွက် ကိုယ်ကျင့်တရားကောင်းမွန်သည့် နိုင်ငံ့ဝန်ထမ်းများက အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

ဝန်ထမ်းကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်းသည်လည်း ခေါင်းဆောင်မှုသင်တန်းများ၊ အရာရှိငယ်စီမံသင်တန်းများ၊ စာရေးဝန်ထမ်းသင်တန်းများ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းများ၊ ခေတ်မီမော်တာစက်ချုပ်သင်တန်းများ... စသည့်သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိပြီး ထိုသင်တန်းများတွင် ဝန်ထမ်းကောင်းများ၌ ရှိအပ်သည့် ကိုယ်ကျင့်တရားကောင်းမွန်ရေး ဘာသာရပ်ကို ထည့်သွင်းသင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။

ဗဟိုလေ့ကျင့်ရေးကျောင်းမှ ဖွင့်လှစ်သည့် သင်တန်းများတွင် စာရေးသူက ကိုယ်ကျင့်တရားဘာသာရပ်ကို ၂၀၀၇ ခုနှစ်မှ ယနေ့အထိ “ကိုယ်ကျင့်တရားနှင့် တာဝန်ဝတ္တရား” ခေါင်းစဉ် ကျမ်းငယ်တစ်စောင် ရေးသားပြုစု၍ တာဝန်ရှိသူအထက်ဌာနထံ တင်ပြခွင့်ပြုချက်ရယူပြီး သင်ကြားပို့ချလေ့ကျင့်ပေးနေပါသည်။ ကိုယ်ကျင့်တရားဘာသာရပ်သည် ဝန်ထမ်းများအတွက်သာမက လူသားအားလုံးအတွက် လိုက်နာကျင့်ကြံရန် အလွန်အရေးကြီးပါသည်။ ကိုယ်ကျင့်တရားဆိုသည်မှာ လူသားတိုင်း နေ့စဉ်ကြံစည်၊ ပြောဆို၊ ပြုမူ လုပ်ကိုင်ဆောင်ရွက်ချက်များပင်ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်ကျင့်တရားများတွင် မှန်ခြင်းမှားခြင်း၊ ကောင်းခြင်းဆိုးခြင်း၊ မြင့်မြတ်ခြင်း ယုတ်နိမ့်ခြင်း စသည့်တန်ဖိုးဖြတ်မှုများ ရှိလာပါသည်။



ဗဟိုလေ့ကျင့်ရေးကျောင်းမှ သင်တန်းများတွင် ကိုယ်ကျင့်တရားဘာသာရပ်ကို သင်ကြားပို့ချနေစဉ်။

### ကိုယ်ကျင့်တရား၏ အဓိကအချက်များ

လူတစ်ဦးအတွက် မိမိ၏ အပြောအဆို၊ အပြုအမူသည် မိမိကိုလည်းမထိခိုက်၊ သူတစ်ပါးကိုလည်း နစ်နာမှုမရှိ၊ စိတ်ပူပန်စရာလည်းမလို၊ နောင်တရစရာလည်းမဖြစ်လျှင် ထိုအပြောအဆို၊ အပြုအမူသည် မှန်၏။ ကောင်း၏။ မိမိ၏ အပြောအဆို၊ အပြုအမူ၊ လုပ်ကိုင်ဆောင်ရွက်မှုသည် မိမိအတွက် မကောင်း၊ သူတစ်ပါးကိုလည်း ထိခိုက်နစ်နာစေ၏၊ ထို့အတွက် စိတ်ပူပန်မှု ရောက်ရ၏။ ပူဆွေးသောကလည်း ဖြစ်ရ၏၊ ပြောဆိုလုပ်ကိုင်မိသည်မှာ မှားလေခြင်းဟု နောင်တတစ်ဖန်လည်း ပူပန်ရ၏ဟုဆိုလျှင် ထိုအပြောအဆိုပြုမူလုပ်ကိုင်မှုသည် မမှန်၊ မှား၏။ ယုတ်နိမ့်လေသည်။ ဤကား ကိုယ်ကျင့်တရား၏ အဓိကအချက်များပင် ဖြစ်ပါသည်။

ထို့ကြောင့် ကိုယ်ကျင့်တရားကောင်းလျှင် လူ့တန်ဖိုးမြင့်မားလာပြီး နိုင်ငံတာဝန်ထမ်းဆောင်ကြရသည့် ဝန်ထမ်းများအတွက်မူကား တာဝန်သိ၊ တာဝန်ယူတတ်သည့် ဝန်ထမ်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိသည့် ဝန်ထမ်း၊ အမျိုးဘာသာ သာသနာအပေါ် ထိန်းသိမ်းစောင့်ရှောက်တတ်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာပေလိမ့်မည်။

### ကိုယ်ကျင့်တရား ကောင်းမွန်စေရေး

ကိုယ်ကျင့်တရားပျက်ယွင်းလျှင်မူကား မိမိ၏ ပစ္စုပ္ပန်ဘဝ၊ တမလွန်ဘဝ ဆင်းရဲဒုက္ခကြုံရမည့်အပြင် မိမိ မိသားစု၊ မိမိတာဝန်ယူရာ အဖွဲ့အစည်း၊ လူ့ပတ်ဝန်းကျင်ကို ထိခိုက်နစ်နာစေတတ်ပါသည်။ ထို့ကြောင့် ဝန်ထမ်းတိုင်း၊ လူသားတိုင်း မိမိဘဝ တိုးတက်မြင့်မားစေသည့် ကိုယ်ကျင့်တရားများ မှန်ကန်ကောင်းမွန်စေရေး အလေးထားဖြည့်ဆည်းကျင့်ကြံသွားကြရမည်ဖြစ်ပါသည်။

မြန်မာမှုနယ်ပယ်တွင် ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ ကိုယ်ကျင့်သီလဟု ယှဉ်တွဲသုံးနှုန်းပါသည်။ ဤသို့ဆိုရခြင်းမှာ သီလစောင့်ထိန်းခြင်း၊ သီလကောင်းခြင်း၊ သီလလုံခြုံခြင်းသည် ကိုယ်ကျင့်တရားများပင် ဖြစ်လေရာ သီလကောင်းခြင်းသည် ကိုယ်ကျင့်တရားကောင်းခြင်းပင်ဖြစ်သည်။ သီလဆိုသည်မှာ မကောင်းမှုများ မပြုမိအောင် မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သူတစ်ပါးမထိခိုက်၊ မနစ်နာ၊ မပျက်စီးအောင် ရှောင်ကြဉ်ခြင်းပင်ဖြစ်ရာ ကိုယ်ချင်းစာမှု၊ သနားကြင်နာမှု၊ မေတ္တာထားမှုများအပြင် ဘုရားရှင်ညွှန်ကြားထားသည့် “အတ္တသမ္မာပဏိဓိ” မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်၍ ကိုယ်ကျင့်တရား ပြည့်စုံသောသူဖြစ်ပေမည်။

ဝန်ထမ်းများသည်လည်း နိုင်ငံသူ နိုင်ငံသားများပင်ဖြစ်ကြရာ နိုင်ငံသားအားလုံး ကိုယ်ကျင့်တရားကောင်းအောင် ဖြည့်ကျင့်ရမည်ဖြစ်ပါသည်။ ကိုယ်ကျင့်သီလ ပျက်စီးယိုယွင်းသောသူသည် မိမိကိုယ်ကို ဖျက်ဆီးရုံသာမက လူ့ဘောင်အဖွဲ့အစည်းကိုပါ ဖျက်ဆီးလာသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်ပါသည်။ ကိုယ်ကျင့်သီလပျက်စီးယိုယွင်းသောသူသည် အပြစ်မဲ့သောသူကိုလည်း သတ်၏။ ပြည်သူပိုင်ပစ္စည်းများကိုလည်း ဖျက်ဆီး၏၊ သာသနာ့ဝန်ထမ်းများနှင့် သာသနိကအဆောက်အဦပစ္စည်းများကိုလည်း စော်ကားရဲ၏။ မှန်သည်မှားသည်ကိုလည်း မသိ၊ ကောင်းသည် ဆိုးသည်ကိုလည်း နားမလည်၊ မိုက်တွင်းနက်လေတော့သည်။

### ကိုယ်ကျင့်သီလလုံခြုံအောင် စောင့်ထိန်းလိုက်နာလျှင်

ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူအားလုံး ကိုယ်ကျင့်သီလ လုံခြုံအောင် စောင့်ထိန်းလိုက်နာလျှင် သစ္စာစောင့်သိခြင်းကို တန်ဖိုးထားတတ်လာကြမည်ဟုဆိုရခြင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ မည်သည့်အရာများအား သစ္စာစောင့်သိတန်ဖိုးထားရမည်နည်းဟုဆိုလျှင် . . .

(က) အမျိုး၊ ဘာသာ၊ သာသနာအပေါ် သစ္စာစောင့်သိရပေမည်။

( ခ ) နိုင်ငံတော်အပေါ် သစ္စာစောင့်သိရပေမည်။

( ဂ ) မိမိတာဝန်ထမ်းဆောင်သောဌာန(သို့) အဖွဲ့အစည်းအပေါ် သစ္စာစောင့်သိရပေမည်။

(ဃ) ဆရာနှင့်တပည့်၊ လင်နှင့်မယား တစ်ဦးအပေါ်တစ်ဦး သစ္စာစောင့်သိရပေမည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်အနက် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးဆိုသည့် နိုင်ငံရေးဦးတည်ချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများ အပါအဝင်၊ ပြည်သူပြည်သားအားလုံး၊ လူသားများအားလုံး ကိုယ်ကျင့်သီလများကို သိရှိလိုက်နာ၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် မိမိအကျိုးစီးပွား၊ နိုင်ငံအကျိုးစီးပွား၊ အမျိုးဘာသာသာသနာအကျိုးစီးပွား တိုးတက်ကောင်းမွန်ကာ တည်ငြိမ်အေးချမ်းသာယာသော အကျိုးရလဒ်များ ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ **ကိုယ်ကျင့်တရားကောင်းလျှင် လူ့တန်ဖိုးမြင့်မားလာပြီး နိုင်ငံတာဝန်ထမ်းဆောင်ကြရသည့် ဝန်ထမ်းများအတွက်မူကား တာဝန်သိ၊ တာဝန်ယူတတ်သည့် ဝန်ထမ်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိသည့် ဝန်ထမ်း၊ အမျိုးဘာသာသာသနာအပေါ် ထိန်းသိမ်းစောင့်ရှောက်တတ်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာပေလိမ့်မည်**

❖ **ကိုယ်ကျင့်တရားပျက်ယွင်းလျှင်မူကား မိမိ၏ ပစ္စုပ္ပန်ဘဝ၊ တမလွန်ဘဝ ဆင်းရဲဒုက္ခကြုံရမည့်အပြင် မိမိမိသားစု၊ မိမိတာဝန်ယူရာ အဖွဲ့အစည်း၊ လူ့ပတ်ဝန်းကျင်ကို ထိခိုက်နစ်နာစေတတ်ပါသည်**

---

## ကျောက်ဖြူမြို့နယ်အတွင်း လျှပ်စစ်နှင့်ဆက်စပ်သော လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကျောက်ဖြူ ဩဂုတ် ၄

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများက မြို့နယ်အတွင်း လျှပ်စစ်နှင့် ဆက်စပ်သောကိစ္စများကို ဩဂုတ် ၂ ရက်တွင် မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

ကျောက်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက မြို့နယ်အတွင်း လျှပ်စစ်နှင့်ဆက်စပ်သော လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းစိုး ဦးဆောင်၍ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးရဲဇေယျာမင်းနှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံမှ ဝန်ထမ်းများပူးပေါင်း၍ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်မီတာများကို မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ မြေပြင်ကွင်းဆင်းသွားရောက်ကာ ကြည့်ရှုစစ်ဆေးပြီး ပြည်သူများထံသို့ လျှပ်စစ်နှင့်ဆက်စပ်သော အကြောင်းအရာတို့ကို ရှင်းလင်းပြောကြားခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် သက်ဆိုင်တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်တိုင်များသို့ တက်နေသော ချုံနွယ်များရှင်းလင်းခြင်း၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရန် ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်လှဖြူ(ရမ်းဗြဲ)

၂၀၂၃ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကို ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း ဖြစ်ပြီး ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာ ၁၆ သင်းအဆင့် ပွဲစဉ်တွေကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားတော့မှာ ဖြစ်ပါတယ်။ နာမည်ကြီး ဘရာဇီး၊ အီတလီ၊ ပူးတွဲအိမ်ရှင် နယူးဇီလန်အသင်းတို့ကတော့ အုပ်စုအဆင့်ကနေ ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ပါဘူး။


### အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ (၁၆) သင်းအဆင့်

| | | |
|---|---|---|
| ၅-၈-၂၀၂၃ | | စနေနေ့ |
| ဆွစ်ဇာလန် - စပိန် | | နံနက် ၁း၃၀ |
| ဂျပန် - နော်ဝေ | | မွန်းလွဲ ၂း၃၀ |
| ၆-၈-၂၀၂၃ | | တနင်္ဂနွေနေ့ |
| နယ်သာလန် - တောင်အာဖရိက | | နံနက် ၈း၃၀ |
| ဆွီဒင် - အမေရိကန် | | မွန်းလွဲ ၃း၃၀ |
| ၇-၈-၂၀၂၃ | | တနင်္လာနေ့ |
| အင်္ဂလန် - နိုင်ဂျီးရီးယား | | မွန်းလွဲ ၂း၀၀ |
| ဩစတြေးလျ - ဒိန်းမတ် | | ညနေ ၅း၀၀ |



# အမျိုးသမီးကမ္ဘာ့ဖလား ၁၆ သင်းအဆင့် ပွဲစဉ်များ ကစားမည်

■ လင်းလက်ကြယ်



ဂျီးလ်ရှဒ် (ကွင်းလယ်တိုက်စစ်)



ဂတ်လာနာ (တိုက်စစ်)

## နယ်သာလန် VS တောင်အာဖရိက

**August 8 ၊ Sydney Football Stadium (Sydney)**

နယ်သာလန်က လက်ရှိချန်ပီယံ အမေရိကန်ကိုတောင် သရေပေါ်တူဂီကို အနိုင်ရရှိထားတာကြောင့် ခြေစွမ်းထက်မြက်မှုရှိတယ်။ အာဂျင်တီးနားကို သရေကျပြီး အသင်းကြီး အီတလီကို အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်တဲ့ တောင်အာဖရိကအသင်းခြေစွမ်းကလည်း မဆိုးဘူး။ ဒါပေမယ့် နယ်သာလန်က တောင်အာဖရိကထက် အဆုံးသတ်ပိုင်း သေချာမှုရှိတယ်။ ပြိုင်ဆိုင်မှုပြင်းထန်ပြီး နောက်တစ်ဆင့်ကို နယ်သာလန် တက်လှမ်းသွားဖွယ်ရှိတယ်။


## ဆွီဒင် VS အမေရိကန်

**August 8 ၊ Melbourne Rectangular Stadium (Melbourne)**

ရာနှုန်းပြည့်နိုင်ပွဲနဲ့အတူ နောက်တစ်ဆင့်တက်လာတဲ့ ဆွီဒင်နဲ့ လက်ရှိချန်ပီယံတို့ တွေ့ဆုံမှုက ယခင်ပွဲစဉ်တွေကထက် အကြိတ်အနယ်ရှိလာမှာ သေချာပါတယ်။ အမေရိကန်က နောက်ဆုံးနှစ်ပွဲဆက် သရေကျထားတာကြောင့် ခြေစွမ်းက ပုံမှန်အောက်မှာ ရှိတယ်။ ဆွီဒင်ရဲ့ ခြေစွမ်းက အကောင်းဆုံးပုံစံမှာရှိတာကြောင့် အမေရိကန်အနေနဲ့ သာမန်ကြိုးစားမှုထက် မပိုခဲ့ရင် ၁၆ သင်းအဆင့်နဲ့ လက်ပြနှုတ်ဆက်ရနိုင်တယ်။



အီလီစတက် (ဗဟိုခံစစ်)



ဟော်ရန် (တိုက်စစ်)

# ဒဏ်ရာကြောင့် ရာသီအစပွဲစဉ်များကို ဂျီးဆပ် လွဲချော်ဖွယ်ရှိ

အာဆင်နယ်တိုက်စစ်ကစားသမား ဂါဘရီရယ် ဂျီးဆပ်သည် ဒူးဒဏ်ရာ ခွဲစိတ်မှုခံယူပြီးနောက် ရာသီအစပွဲစဉ်များကို လွဲချော်တော့မည်ဖြစ်ကြောင်း သိရသည်။

၎င်းသည် ဗုဒ္ဓဟူးနေ့က ရာသီအကြိုခြေစမ်းပွဲစဉ်အဖြစ် မိုနာကိုအသင်းနှင့်ပွဲစဉ်ကို ပါဝင်ခဲ့ခြင်း မရှိခဲ့ပေ။ ထို့နောက်တွင် နည်းပြ အာတီတာက ဘရာဇီးတိုက်စစ်ကစားသမားအနေဖြင့် ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ် အနားယူရမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက် ၂၆ နှစ်အရွယ်ရှိ အဆိုပါ တိုက်စစ်ကစားသမားသည် အာဆင်နယ်နှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ကွန်မြူနတီဒိုင်းလုပွဲမတိုင်မီ လေးရက်အလိုနှင့် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်မတိုင်မီ ၁၀ ရက်အလိုတွင် ထိုဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်အသင်းတိုက်စစ်ကို အင်ခီတီယာက ဦးဆောင်ပွဲထွက်လာဖွယ်ရှိကြောင်း သိရသည်။ ၎င်းသည် ပယ်နယ်တီအဆုံးအဖြတ်တွင် ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိခဲ့သော မိုနာကိုအသင်းနှင့်ပွဲစဉ်တွင် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူကစားခဲ့သူ ဖြစ်သည်။ ထို့ပြင် အဆိုပါ ပွဲစဉ်၌ ဒက္ကလန်ရိုက်စ်နှင့် တင်းဘားတို့လည်း ပထမဆုံးပွဲထွက်ကစားခဲ့ကြောင်း သိရသည်။

ဂျီးဆပ်သည် ပြီးခဲ့သည့်ရာသီက မန်စီးတီးအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ ၎င်းပြောင်းရွှေ့ရောက်ရှိပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၃ ပွဲ ပါဝင်ကစားထားကာ ၁၁ ဂိုး သွင်းယူပေးထားသည်။ **အောင်ဇော်**

# ချန်ပီယံခြေစွမ်းကို အကြမ်းဖျင်းအကဲခတ်နိုင်မယ့် ကွန်မြူနတီဒိုင်းလုပွဲ



**ကွန်မြူနတီဒိုင်းလုပွဲ**

**မန်စီးတီး VS အာဆင်နယ်**

| | | |
|---|---|---|
| နေ့ | - | ၆-၈-၂၀၂၃ |
| ကွင်း | - | ဝင်ဘလေ |
| အချိန် | - | ၉ နာရီ ခွဲ |

**ရာသီသစ်ပရီမီယာလိဂ် ကန့်လန့်ကာအဖွင့် ကွန်မြူနတီဒိုင်းလုပွဲကို ဩဂုတ် ၆ ရက်မှာ နာမည်ကြီး ဝင်ဘလေအားကစားကွင်းမှာ စတင် ယှဉ်ပြိုင်ကစားသွားတော့မှာ ဖြစ်ပါတယ်။ ဒီကွန်မြူနတီဒိုင်းလုပွဲကို ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ရေး အားပြိုင်ခဲ့ကြတဲ့ မန်စီးတီးနဲ့ အာဆင်နယ်တို့ပဲ ယှဉ်ပြိုင်သွားရမှာပါ။**

ယခုနှစ်မှာ (၁၀၁) ကြိမ်မြောက်အဖြစ် ကွန်မြူနတီဒိုင်းလုပွဲကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ကွန်မြူနတီဒိုင်းလုပွဲကို ပြီးခဲ့တဲ့ ရာသီမှာ ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့တဲ့ အသင်းနဲ့ အက်ဖ်အေဖလားချန်ပီယံဖြစ်ခဲ့တဲ့ အသင်းတို့ ယှဉ်ပြိုင်ရလေ့ရှိသော်ငြား ယခုနှစ်မှာ မန်စီးတီးအသင်းက ပရီမီယာလိဂ်ဖလားရောအက်ဖ်အေဖလားပါ ဆွတ်ခူးရရှိထားတာကြောင့် အမှတ်ပေးဇယားမှာ အဆင့် (၂) ရရှိတဲ့ အာဆင်နယ်အသင်းနဲ့ ယှဉ်ပြိုင်ကစားသွားရမှာ ဖြစ်တယ်။

မန်စီးတီးအသင်းက ပြီးခဲ့တဲ့နှစ်မှာလည်း ကွန်မြူနတီဒိုင်းလုပွဲကို လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ပြီး သုံးဂိုး- တစ်ဂိုးနဲ့ ရှုံးနိမ့်ထားပါတယ်။ ကွန်မြူနတီဒိုင်းလုပွဲက ချန်ပီယံခြေစွမ်းကို အကြမ်းဖျင်းအကဲခတ်လို့ရနိုင်မယ့် ပွဲလို့ဆိုသော်ငြား ယတိပြတ်ကောက်ချက်ချ သုံးသပ်လို့ မရပါဘူး။

ပြောရမယ်ဆိုရင် လီဗာပူးအသင်းဟာ ကွန်မြူနတီဒိုင်းကို ဆွတ်ခူးပြီး ကန့်လန့်ကာအဖွင့်လှခဲ့ပေမယ့် ရာသီပိတ်သိမ်းချိန်မှာ ဖလားလက်မဲ့ဖြစ်ခဲ့ရတဲ့အပြင် ယူရိုပါလိဂ်သာ ဝင်ခွင့်ရရှိခဲ့တယ်။ ဒါက ရာသီအစမှာ စည်တော်တီးဝင်ပြီး ရာသီအဆုံးမှာ ခေါင်းမြီးခြုံနဲ့ အဆုံးသတ်ရတဲ့အသင်းအဖြစ် ပြောစမှတ်ဖြစ်ခဲ့တယ်။

ကွန်မြူနတီဒိုင်းကို လက်လွှတ်ခဲ့ရတဲ့ မန်စီးတီးအသင်းက ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့တဲ့အပြင် ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနဲ့ ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးရရှိခဲ့တယ်။ မန်စီးတီးအသင်းက အစပိုင်းပွဲစဉ်တွေမှာ အားနည်းချက်၊ ချို့ယွင်းချက်တွေရှိခဲ့ပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ အဲဒီအားနည်းချက်တွေ၊ ချို့ယွင်းချက်တွေကို နည်းပြ ဂွါဒီယိုလာ အကောင်းဆုံးပြင်ဆင်နိုင်ခဲ့တယ်။

အသင်းတစ်သင်းအောင်မြင်ဖို့ဆိုရင် ကစားသမားဝယ်ယူနိုင်ရေးအတွက် ငွေကြေးသုံးစွဲမှုက အဓိကကျတာမှန်ပေမယ့် လိုအပ်တဲ့ ကစားသမားနဲ့ ပွဲရလဒ်အပြေ ပြောင်းနိုင်ပြီး အရည်အချင်းရှိတဲ့ ကစားသမားတွေအတွက် ငွေကြေးသုံးစွဲမှု မှန်ကန်ဖို့ လိုအပ်တယ်။ ဒါ့အပြင် ဒီနေရာမှာ နည်းပြတစ်ဦးရဲ့ စူးရှထက်မြက်တဲ့အမြင်နဲ့ ပြိုင်ပွဲအပေါ် ချဉ်းကပ်တဲ့ နည်းဗျူဟာ မှန်ကန်ဖို့ကလည်း အရေးကြီးသေးတယ်။

မည်သို့ပင်ဆိုစေ ကွန်မြူနတီဒိုင်းလုပွဲက ချန်ပီယံပြေးလမ်းမှာ အဓိကကျတဲ့ ခြေလှမ်းတစ်ခုအဖြစ်ရှိနေပြီး ပေါ့ဆလို့ မရတဲ့အတွက် ယခင်ပြိုင်ပွဲတွေကထက် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ ဒါကြောင့် ဘယ်အသင်းက ကွန်မြူနတီဒိုင်းဆွတ်ခူးပြီး အဖွင့်လှသွားမလဲဆိုတာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာပါ။ **အောင်ဇော်**

# (၁၂) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ

The 12th Traditional Medicine Research Congress

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၇ - ၈) ရက်

တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး

## နေရာကွက် မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/ဇလ

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခြောက်ဦး တွေ့ရှိ

(၄-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၁၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၄၅,၅၃၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၈၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၈၇၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်း

နေပြည်တော် ဩဂုတ် ၄

ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ်နေ ဦးတင်ဝင်းနှင့် ဇနီးဒေါ်ဝါဝါလတ် မိသားစုက ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သို့ ၎င်းတို့ နှစ်ကာလကြာရှည်စွာ စုဆောင်းသိမ်းဆည်းထားသည့် သုတ၊ ရသ နှစ်ဖြာစုံလင်သည့် စာအုပ်များ၊ ဘာသာရေး၊ ပညာရေးနှင့် ပတ်သက်သည့် စာအုပ်များနှင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် ရှားပါး စာအုပ်များ အုပ်ရေတစ်ထောင်ကျော်ကို ယနေ့လာရောက်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းသည့် စာအုပ်များကို စာပေဗိမာန် စာတည်းမှူးချုပ် (ကိုယ်စား) ဒုတိယစာတည်းမှူးချုပ် ဦးရဲနိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ (အပေါ်ယာပုံ)



စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်စာစောင်များ လှူဒါန်းလိုပါက စာကြည့်တိုက်မှူး (ဖုန်း-၀၁-၈၃၈၁၄၄၇၊ ၀၉-၄၂၀၁၇၆၈၇၈) သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ၌ လူငယ်စကားဝိုင်း ကျင်းပ

စစ်ကိုင်း ဩဂုတ် ၄

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) တို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ အသိဉာဏ်ပညာ ဗဟုသုတများပြည့်စုံပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်၍ ဩဂုတ် ၄ ရက်က အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး (ကိုယ်စား) ဦးစီးအရာရှိ ဒေါ်ဥမ္မာဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားကာ ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မပန်းအိစံက "လူငယ်နှင့်ကျန်းမာရေး"၊ မအေးအေးခန့်က "လူငယ်နှင့်အားကစား"၊ မမေဖူးပိုင်က "ကျွန်မဖတ်ဖူးသော စာအုပ်တစ်အုပ်"၊ မောင်အောင်ထက်ကိုကိုက "လူငယ်နှင့်နည်းပညာ"၊ မောင်သူရဇော်က " လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း" ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌက ဦးဆောင်ဆွေးနွေးပေးကြသည့် ကျောင်းသား ကျောင်းသူများအတွက် အလှူငွေများပေးအပ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ် ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။" **ကျန်းမာရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၇၅ ကျပ် | ၂၅၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၂၅ ကျပ် | ၂၁၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၄၀ ကျပ် | ၂၂၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၇၂၇ | ၆၁၈၉၁၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၃၉၆၉ | ၁၁၅၁၀၂၅၀ |
| MCB | ၇၃၀၀ | ၇၅၀၀ | ၃၁၇ | ၂၃၁၄၃၀၀ |
| FPB | ၁၅၅၀ | ၁၆၀၀ | ၂၄၇ | ၃၉၀၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၃၀၀ | ၂၄၀၀ | ၃၁၇၅ | ၇၃၀၅၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၈၀ | ၃၉၂၀၀၀ |
| MAEPC | ၁၉၅၀ | ၁၉၀၀ | ၅၁၄၀ | ၉၇၆၇၂၅၀ |

ညီညီ - စုစည်းသည်

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ်(၁၃ B) ရွာဘဲမြောက်၊ ဦးပိုင်အမှတ်(၂၂/၉)မှ မြေဧရိယာ ၀ ဒသမ ၀၄၇ ဧကရှိမြေသည် မူလတွင် ဦးမောင်လေးအမည်ဖြင့် ၇-၇-၁၉၉၈ ရက်မှ ၆-၇-၂၀၁၃ ရက်ထိ (၁၅)နှစ် မြေငှားဂရန်ရရှိထားရာမှ ဦးမောင်လေးသည် ၃၁-၇-၂၀၁၆ ရက်တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်ခင်မြင့်သည် ၁၅-၉-၂၀၁၈ ရက်တွင်လည်းကောင်း ကွယ်လွန်သွားပြီး အမွေဆက်ခံရန်ကျန်ရှိသူ ဒေါ်ခင်မမလွင်၊ ဒေါ်တင်တင်လှ၊ ဒေါ်မော်မော်နိုင်နှင့် ဒေါ်မော်မော်ခိုင်တို့ (၄)ဦးရှိသည့်အနက် ဒေါ်မော်မော်နိုင်နှင့် ဒေါ်မော်မော်ခိုင်တို့ ညီမ(၂)ဦးအား မိဘ(၂)ပါး မကွယ်လွန်မီ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်စာချုပ်ချုပ်ဆိုပြီး မေတ္တာဖြင့်လွှဲပြောင်းပေးကမ်းပြီးဖြစ်ပါသောကြောင့် မြေကွက်အား လက်ခံရရှိသူ ဒေါ်မော်မော်နိုင်နှင့် ဒေါ်မော်မော်ခိုင်တို့ (၂)ဦးအမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ် - ယခင်-၁၊ ယခု-၆(င/က)၊ ပေါ်ဆန်းမွှေးအဆင့်မြင့်အိမ်ရာစီမံကိန်းပေါ်တွင် ဆောက်လုပ်သော (၈)ခန်းတွဲ(၈)ထပ်ခွဲတိုက်ရှိ တိုက်အမှတ်(A)၊ အခန်းအမှတ်(108) 2140 စတုရန်းပေခန့်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးမြသက်အောင် ၁၂/ဗဟန(နိုင်)၀၂၁၃၀၆၊ ဦးဇော်ဝင်း ၁၃/ကလတ(နိုင်)၀၂၀၅၄၀ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမင်းသီဟ (၁၂/ဗဟန(နိုင်)၀၈၈၀၃၈)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** **ဒေါ်ခင်စောသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉ ၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ်(၆၇၆)၊ ၇-လွှာ လက်ဝဲဘက်ခြမ်းတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဥမ္မာဘိုဘို ၁၂/ကတတ(နိုင်)၀၂၂၀၄၉ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးသန်းဇော်ဌေး ၁၂/ဒဂတ(နိုင်)၀၄၂၁၄၆၊ ဒေါ်လဲ့လဲ့ဝင်း ၁၂/ဒဂရ(နိုင်)၀၂၈၀၇၇တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုခိုင် (LL.B, D.B.L. D.I.L)** **ဒေါ်ခင်စောသိန်း (LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/3296, KIA CERATO ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းရှိန် ၁၂/လမတ(နိုင်)၀၂၅၇၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 26W/47327,Zong Shen-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟေမာမြင့် ၈/မတန(နိုင်) ၀၅၂၀၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/42777,Nulang -110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအုန်းလွင် ၁၄/ပသန(နိုင်)၀၂၂၉၅၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/83387,Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဦးမောင် ၁၄/မအန(နိုင်)၁၇၃၅၄၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ တဲမြင့်အုပ်စု သရက်ပင်ကျေးရွာ အလကမှ မူလတန်းပြဆရာ ဦးလှသိန်း၏ ဖခင် ဦးတုပ်ချော(ခ)ဦးမြမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အထက(ခွဲ)ကပစ(၄) ကျောင်းမှ ဒုတိယ မူလတန်းပြ ဆရာမ ဒေါ်ဆုမွန်အောင်၏ ဖခင်မှာ ဦးစိုးမင်းအောင်(ခ) ဦးစိုးမင်း ၁၀/သထန(နိုင်)၀၀၈၀၅၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/2993 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/58549, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Princes Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၇၉၈၈၀,Honda Click-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်မျိုး ၉/မနတ(နိုင်)၀၀၂၈၆၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/27622, New Sumbo-125 , M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/35974,Super Anbo-125,M/C ယာဉ်လက်ဝယ်ရှိသူ Toyomax Frading Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၅၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်-၇၉၈၊ ဦးဝင်းဆွေ ၁၂/လမန(နိုင်)၀၁၆၃၇၆ အမည်ပေါက် (ပါမစ်)မြေအမျိုးအစား၊ အကျယ်အဝန်းပေ (၄၀x ၆၀)ရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ အကျယ်အဝန်း (၁၀x၆၀)ပေရှိ အမှတ် ၇၉၈ (ဂ)၊ တပင်ရွှေ ထီးလမ်း၊ (၅၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ရှိ (ပါမစ်မိတ္တူ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးစိုးကျော်သူ ၁၂/ဥကတ(နိုင်)၁၄၈၄၄၀နှင့် ဒေါ်တင်တင်လတ် ၁၂/ဒဂတ(နိုင်)၀၆၉၆၅၃ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အေးခိုင်ထွန်း**
**၇/ပခန(နိုင်)၂၂၈၄၄၄**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်သူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၈၃၂)**
**ဒေါ်တင်ဇာအေးကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၆၄)**
**ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၀၀၇၃၅၆၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပြည်သာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ မြေကွက်အမှတ် (၆၂၅/၃၂)ဟု ခေါ်တွင်သော (အလျားပေ ၄၀x အနံပေ ၆၀ )ဦးလှအောင် အမည်ပေါက် နှစ် (၆၀) မြေဂရန် မြေကွက်အား တရားဝင်မခွဲစိတ်ရသေးသော(အလျားပေ ၂၀x အနံပေ ၆၀)အကျယ်ရှိ ခြေရင်းခြမ်းမြေကွက်နှင့်ယင်းမြေကွက်နှင့် ပတ်သက်သော လျှပ်စစ်မီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စိုးသီတာထွန်း ၁၂/အလန(နိုင်)၀၃၈၂၇၃ သည် မိမိသာလျှင် တရားဝင်လက်ဝယ် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းကြောင်းဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မျိုးဟေမာန်ကို ၅/ကလဝ(နိုင်)၀၃၅၃၅၁က ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံ မြေနှင့် ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါကယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် အတူကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာထွေး(LL.B)**
**အထက်တန်းရှေ့နေ (စဉ် ၄၄၂၁၃)**
**အမှတ် (၈၆၁)၊ စာဂ (၁၅)လမ်း၊ (၄) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၉၅၈၀၉၄၁၃**

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ အထက၊ သာယာကုန်းမှ ကျောင်းဝင်အမှတ် ၃၆၈၃ Grade-12 ကျောင်းသူ မသန်းသန်းဆင့်၏ ဖခင် ဦးမောင်ဖြူ၏ အမည်မှန်မှာ ဦးနေလင်းထွန်း ၁၁/မအန(နိုင်) ၀၅၀၆၂၁ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်မင်းနိုင် ၇/လပတ(နိုင်)၁၄၄၉၆၅ ၏ နိုင်ငံကူး လက်မှတ် အမှတ် MA 561725 သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၆၈၅၇၀၀၄၉၀**

## အမည်မှန်

ဦးနေဝင်းထွန်း ၈/ မတန(နိုင်)၀၅၆၁၆၇ ၏သမီး မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်၊ အထက (ကံပိုင်) Grade-6 မှ မဂျူးဂျူးဟန်၏ အမည်မှန်မှာ မသက်ဂျူးဟန် ၈/မတန(နိုင်) ၀၇၆၂၉၁ ဖြစ်ပါကြောင်း။

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ တိုက်အမှတ်-၁၀/က၊ ဒုတိယထပ်တိုက်ခန်းနှင့် တယ်လီဖုန်း၊ **Aircon** များ **Water Heater** အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးနိုင်မျိုးဆန်း (၁၂/မရက (နိုင်) ၁၁၅၀၆၈) မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍၊ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်ရန်အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါရှိသည့် နေ့ရက်မှစ၍ ကျွန်ုပ်ထံသို့ မည်သူမဆို (၇) ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ယင်းသတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ပါ တိုက်ခန်း၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာ**
**LL.B., D.B.L., D.M.L., D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၅၈)**
**Res : ၀၁၃၉၅၃၁၂ ၊ HP : ၀၉၅၁၁၇၈၇၅၊ HP : ၀၉၉၆၅၁၁၇၈၇၅**

**ဒေါ်ကေကျော်ကိုကို**
**LL.B., D.B.L**
**အထက်တန်းရှေ့နေ (စဉ်-၂၃၆၈၅)**
**HP : ၀၉၇၇၃၄၆၀၅၄၀**

**ဒေါ်နှင်းဝင့်ကြည်**
**B.A (English), YUFL, PGDL**
**အထက်တန်းရှေ့နေ (စဉ်-၅၅၂၈၁)**
**HP : ၀၉၅၀၂၀၁၆၀**

**တိုက် (၁)၊ အခန်း (၁၆)၊ ဦးဝိစာရအိမ်ရာ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးချစ်ထွန်းလမ်း၊ တိုက်အမှတ်(၄၂၀)မြေညီတိုက်ခန်းနှင့် မြေပိုင်ဆိုင်မှုအပါအဝင်အကျယ်အဝန်း မြေအကျယ်ပေ (၂၀ x ၆၀) (စတုရန်းပေ ၁၂၀၀)ရှိ မြေနှင့်တိုက်ခန်းအကျယ် (၁၅ ပေ xပေ ၄၀) ခန့်ရှိသော မြေညီတိုက်ခန်း၊ ရေ၊ မီး၊ မော်တာအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ (၁) ဒေါ်နွယ်နွယ်ဝင်း ၁/မညန(နိုင်)၀၉၉၅၃၁၊ (၂) ဒေါ်ဖြူဇာခိုင် ၁/ရကန(နိုင်)၀၂၈၈၈၅ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဟန်ဇာလင်း ၇/ဖမန(နိုင်)၁၇၇၇၃၆ မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းအား မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက ဤပစ္စည်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရတနာငွေခိုင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ် - ၅၀၅၁၉)**
**အမှတ် (၁၇၁ - က)၊ (၃)ရပ်ကွက်၊ (၄)လမ်းထောင့်၊**
**ဝေဇယန္တာလမ်း၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၀၃၆၇၁၀၂၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၁၃၁၄၇, Canda-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ငွေ ၁၄/လပတ (နိုင်) ၀၃၈၈၈၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/6563,Nissan Atlas, Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမွန်ချစ် ၉/ခမစ(နိုင်) ၀၄၂၆၇၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၈၃၂၀၁, Luojia-110 ယာဉ်လက်ဝယ်ရှိသူ Dote Hta Waddy Princess Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ ၅၈၁ ကွင်း (၂)လမ်း၊ အိမ်အမှတ် (၁၀၈)နေ ဦးမြင့်ဦးနှင့် ဒေါ်အေးအေးလွင်တို့၏ သား ကိုဇော်လင်း(ခ)လင်းလင်း ၁၂/မဘန(နိုင်)၁၇၃၉၉၆ အား ယနေ့ ဩဂုတ်လ ၄ရက်မှစ၍ အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးမြင့်ဦး-ဒေါ်အေးအေးလွင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/B)၊ သမာဓိလမ်း၊ မြေကွက်အမှတ် (၄၄၉)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်အေးအေးခိုင် (၁၂/ရကန (နိုင်) ၀၅၆၁၀၉)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးခိုင်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သောအောက်ဖော်ပြပါ ယာဉ်ယန္တရားများနှင့် လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Car Crane(3 Tons)/ Dozer | ၁/၁ စီး |
| (ခ) | Mini Excavator(3.5 Tons)/ Mini Bus(33 Seaters) | ၂/၁ စီ |
| (ဂ) | Thermoplastic(အဖြူ/အဝါ)/ Glass Beads | ၂၀၀/၂၀၀/၄၀ တန် |
| (ဃ) | Concrete Primer/Composite | ၂၀၀/၂၀၀ ပုံး/ချပ် |
| (င) | Cable (၅)မျိုး/ H.I.P Tape(အဖြူ/အစိမ်း) | ၁၄၃/၇၀ Drum/လိပ် |
| (စ) | ဆီဆေး(၃)မျိုး /ရေဆေး(၂)မျိုး | ၈၀၀၀/၃၀၀၀ ဂါလန် |
| (ဆ) | Solor Power System | 1 Set |
| (ဇ) | 22 KW(30HP)Raw Wastewater Pump & Motor | ၂ လုံး |
| (ဈ) | Submersible Aerator | ၄၂ လုံး |
| (ည) | ခုတင်ခွဲခန်းသုံးပရိဘောဂများ/ Vinyl Flooring များ | 1/1 Lot |
| (ဋ) | Lift 630 KG (8 Persons)/ GI Pipe (6 m) (၅)မျိုး | ၁/1 စင်း/ Lot |

အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၈-၂၀၂၃ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ဖော်ပြပါပစ္စည်းများအနက်အမှတ်စဉ်(က မှ စ အထိ)ပါ ပစ္စည်းများကို ၁၈-၈-၂၀၂၃ ရက် ၁၂:၀၀ နာရီနှင့် အမှတ်စဉ်(ဆ မှ ဋ အထိ)ပါ ပစ္စည်းများကို ၂၄-၈-၂၀၂၃ ရက်နေ့ ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်)၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂ သို့ ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ အောင်ရိပ်သာ(၃)လမ်း၊ မြေကွက်အမှတ် (၄၁၉)၊ အကျယ်အဝန်း (၄၁ပေ× ၆၀ပေ)ရှိ ဦးဝေမျိုးအောင် (၁၂/မဂတ (နိုင်) ၀၈၈၂၀၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၄၂၀) နှင့်ကပ်လျက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးဝေမျိုးအောင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ဒေါ်နန်းရေကွမ်း နှင့် မောင်ကြို့စင်းနိုင်အပါအဝင်အများသိရှိစေရန်

ကျွန်ုပ်မိတ်ဆွေဖြစ်သော ကြို့ကျင်ချန်(ခ)ကျာတေ(ဘ)ဦးကြို့ရှောက်ဆိုင်(ခ)ကြို့လောက်ဆိုင်၏ မှတ်ပုံတင်ဖြစ်သော ၁၃/လကန(နိုင်)၀၀၅၉၉၉အား ကွာရှင်းပြတ်စဲပြီးသော ဇနီးဖြစ်သူ ဒေါ်နန်းရေကွမ်းနှင့် အမွေပြတ်စွန့်လွှတ်ထားသော သားဖြစ်သူ ကြို့စင်းနိုင်တို့မှ ယူဆောင်ပြီး ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိပါဘဲ အလွဲသုံးစားပြုလုပ်နေကြောင်း ကျွန်ုပ်မိတ်ဆွေ၏ ပြောကြားချက်အရ သိရှိရပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ၎င်းတို့ယူဆောင်သွားသော မှတ်ပုံတင်အား ပျောက်ဆုံးလျှောက်ထား၍ မှတ်ပုံတင်အသစ်ကိုင်ဆောင်လျက်ရှိပါသည်။ ဒေါ်နန်းရေကွမ်းနှင့်ကြို့စင်းနိုင်တို့မှ ယူဆောင်သွားသော ကျွန်ုပ် မိတ်ဆွေ၏မှတ်ပုံတင်တွင် ကျွန်ုပ်မိတ်ဆွေ၏လက်ဗွေသာပါရှိပြီး လက်မှတ်ပါရှိခြင်းမရှိပါ။ သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေ လက်မှတ်ပါရှိခြင်းမရှိသော ၁၃/လကန(နိုင်)၀၀၅၉၉၉မှတ်ပုံတင်အား အသုံးပြုသူသည်ကျွန်ုပ်မိတ်ဆွေမဟုတ်ပါကြောင်း အဆိုပါမှတ်ပုံတင်အား ကိုင်ဆောင်အသုံးပြု၍ ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်ပါက ကျွန်ုပ်မိတ်ဆွေက တာဝန် ယူ ဖြေရှင်း ပေးလိမ့်မည်မဟုတ်ပါ။ အဆိုပါမှတ်ပုံတင်အား လက်ဝယ်ထားရှိသူများဖြစ်သော ဒေါ်နန်းရေကွမ်းနှင့် ကြို့စင်းနိုင်တို့တွင်သာ တာဝန်ရှိပါကြောင်း အများသိရှိစေလိုက်ပါသည်။

ဒေါ်နန်းရေကွမ်းနှင့်ကြို့စင်းနိုင်တို့အနေဖြင့် လူကြီးမင်းတို့ ယူဆောင်သွားသော ကျွန်ုပ်မိတ်ဆွေ၏မှတ်ပုံတင်ဟောင်းအား အလွဲသုံးစားပြုနေမှုများဆက်လက်ဆောင်ရွက်နေမည်ဆိုပါက လူကြီးမင်းတို့အား ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်းသိရှိစေလိုက်ပါသည်။

**ကြို့ကျင်ချန်(ခ)ကျာတေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမြင့်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၃၂/၁၄-၁၂-၂၀၁၇)**
**အမှတ်(၇၇၁)၊ ဗိုလ်တထောင်လမ်း၊ (၈၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**Ph: 09-421019923, 09-255288902**

**ဦးသိန်းလှိုင်ထွန်း(LL,B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၁၉)**
**အမှတ်(ပ/၁၄၆၁/အေ)၊ စွယ်တော်(၉)လမ်း၊**
**ဇဝနဒီပရပ်ကွက်၊**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်**

## မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၊ တယ်ဇားကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာနေ ဦးသန်းကိုကိုဆင့် ၈/စတရ(နိုင်)၀၃၂၇၈၂၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၁-၁၉၉၀ပြည့်နှစ် ဖြစ်ပါကြောင်း။

**ဦးသန်းကိုကိုဆင့်**
**၁၉-၁-၁၉၉၀**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၊ တယ်ဇားကျေးရွာအုပ်စု၊ တောင်ကုန်းကျေးရွာနေ ဦးကြည်စိန် ၈/စတရ(နိုင်)၀၁၈၄၉၀ ၏ ဖခင်အမည်မှန်မှာ ဦးဘိုးဝန် ဖြစ်ပါကြောင်း။

**ဦးဘိုးဝန်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေကွက်အမှတ် (ပ-၃၃၀၁၆)ကို အမည်ပေါက် ဒေါ်မေခါဝင်းထွန်း(ဘ)ဦးဝင်းထွန်(ခ)ဦးရဲနွဲ့ချန်ထွန်း ၁၃/ကလန(နိုင်)၀၀၀၈၇၉ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးဝင်းမော်(ဘ)ဦးမြမောင် ၈/ပဖန(နိုင်) ၀၀၆၀၅၁ မှ ဒေါ်စန္ဒီခင်ခင်လေး(ဘ)ဦးသိန်းဝင်း ၅/အရတ(နိုင်)၀၈၇၇၁၆နှင့် မှတ်ပုံတင်အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၈၁၄/ ၂၀၂၂ (၃၀-၉-၂၀၂၂)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင် ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့(၁၉-၈-၂၀၂၃) ရက်နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၃-၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် လိုအပ်သော ဆေးနှင့်ဆေး ပစ္စည်းများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - | ၇-၈-၂၀၂၃ရက် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၁၄-၈-၂၀၂၃ရက် မွန်းတည့် ၁၂:၀၀နာရီ |
| **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - | ဖုန်း-၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၅)၊ မြေကွက်အမှတ်(၁၀၂၇/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဦးထွန်းထွန်းနိုင်အမည်ပေါက် ပါမစ်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၀၂၇/က)၊ အင်းဝလမ်း၊ (၆၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သောအဆောက် အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူဦးထင်ကျော် ၇/ကဂန(နိုင်) ၁၁၇၀၇၂ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးစည်သူမင်းမောင် ၁၂/ဒဂတ(နိုင်) ၀၈၁၈၆၄က ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့်ပတ်သက်၍အကျိုးသက်ဆိုင်သူ၊ ကန့်ကွက် လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်နိုင်နိုင်ရွှေ(LL.B., D.B.L)** — **ဦးရန်နိုင်မျိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၆၆)** — **အထက်တန်းရှေ့နေ (စဉ်-၃၁၃၉၂)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဈ)၊ (ပ)ထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၃၁၆၁၆၃၀၊ ၀၉-၄၄၃၁၈၀၇၉၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ (၁၅၄)လမ်းအိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၃၀၁) ကို မူလအမည်ပေါက် ဦးသောင်း ၁၂/တမန(နိုင်)၀၄၃၃၄၀ ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဦးဝင်းနိုင်ဦး ၇/ကဝန(နိုင်) ၀၉၀၈၆၃ က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## လူအများသိရှိစေရန်နှင့် မစန္ဒကူးနံ့သာ (၁၂/ပဇတ(နိုင်)၀၄၁၈၇၉)ထံ ရှင်းလင်းသတိပေးခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးဌေးလွင်ဦး၊ ဒေါ်အေးမွန်ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ လူအများ သိရှိနိုင်ပါရန်နှင့် မစန္ဒကူးနံ့သာ ၁၂/ပဇတ(နိုင်) ၀၄၁၈၇၉ထံ သတိပေးသိစေလိုက်သည်။

သင်(မစန္ဒကူးနံ့သာ)သည် ဦးဌေးလွင်ဦး၏ သားဖြစ်သူ မောင်ဟိဏ်းထက်လင်းနှင့် ၁-၁၂-၂၀၂၂ ရက်တွင် တရားရုံးတော်၌ တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်စာချုပ်ပြုလုပ် လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။ ဦးဌေးလွင်ဦး၊ ဒေါ်အေးမွန်ဦးတို့မှလည်း သားဖြစ်သူ မောင်ဟိဏ်းထက်လင်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း (၂၆-၆-၂၀၂၃)ရက်က နိုင်ငံပိုင်သတင်းစာတွင် ကြေညာပြီးဖြစ်သည်။

သို့ဖြစ်၍ သင်(မစန္ဒကူးနံ့သာ)နှင့် သင်၏ခင်ပွန်း မောင်ဟိဏ်းထက်လင်းတို့ လင်မယားကိစ္စမှာ ဦးဌေးလွင်ဦး- ဒေါ်အေးမွန်ဦးတို့နှင့် လုံးဝမည်သို့မျှ သက်ဆိုင်ခြင်း မရှိပါဘဲလျက် သင်သည် ဦးဌေးလွင်ဦးတို့ မိသားစု ဆွေမျိုးများ၏ ဓာတ်ပုံများကို လူမှုကွန်ရက်တွင် ဖော်ပြလျက် ဦးဌေးလွင်ဦးတို့ မိသားစု ဆွေမျိုးများအရှက်ရ၊ ဂုဏ်သိက္ခာကျအောင်မဟုတ်မမှန်စွပ်စွဲခြင်း၊ ကြမ်းတမ်းယုတ်ညံ့စွာ စွပ်စွဲရေးသား ဖော်ပြခြင်းများပြုနေကြောင်း ညွှန်ကြားသိရှိရပါသည်။

ဦးဌေးလွင်ဦးအနေဖြင့် သင့်အပေါ် တရားစွဲဆို အရေးယူခြင်းဖြင့် လူမှုဒုက္ခမရောက်စေလိုသည့်အတွက် အဆိုပါ လူမှုကွန်ရက်တွင် ဦးဌေးလွင်ဦး၏ ခွင့်ပြုချက်မရှိဘဲ သင်ဖော်ပြထားသည့် ဦးဌေးလွင်ဦး၏ မိသားစုဓာတ်ပုံနှင့် သင်၏ မလျော်သော ရေးသားစွပ်စွဲချက်များအား ပယ်ဖျက်ပါရန် သင်၏မိခင် ဒေါ်ခင်မိုးမိုးဇော်မှတစ်ဆင့် ပြောပြခဲ့သည်ကိုလည်း သင့်အနေဖြင့် လိုက်နာခဲ့ခြင်းမရှိသည့်အပြင် ထပ်မံ၍ ဦးဌေးလွင်ဦးနှင့် မိသားစုတို့၏ ဂုဏ်သရေထိခိုက်စေသည့် ရေးသားဖော်ပြချက်များ ဆက်လက်ပြုလုပ်နေကြောင်းကိုပါ ပြောပြ ညွှန်ကြားလာပါသည်။

သင်(မစန္ဒကူးနံ့သာ) အနေဖြင့် ဦးဌေးလွင်ဦးတို့ မိသားစု၏ဓာတ်ပုံများနှင့် တကွ အရှက်သိက္ခာကျဆင်းစေရန် သင်၏တယ်လီဖုန်း လူမှုကွန်ရက်တွင် ရေးသားဖော်ပြထားသည်များကို ယခုချက်ချင်းပယ်ဖျက်ရန်နှင့် ထပ်မံ၍ ဦးဌေးလွင်ဦးတို့မိသားစု အရှက်သိက္ခာရစေမည့် စွပ်စွဲရေးသားခြင်းများမပြုလုပ်ရန် လေးနက်စွာသတိပေးလိုက်သည်။ ဖော်ပြပါသတိပေးချက်အား လိုက်နာခြင်းမရှိပါက ဦးဌေးလွင်ဦး၏ လွှဲအပ်ချက်အရ ဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

**လွှဲအပ်ချက်အရ-**
**ဦးရွှေဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၇၃၀၁)**
**မဟာဗန္ဓုလလမ်း၊ အမှတ်(၃)ရပ်ကွက်၊ မြိုင်မြို့၊**
**ဖုန်း-၀၉-၄၀၁၅၀၁၁၁၀**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့၊ ဝန်လိုရပ်ကွက်၊ တောင်ကုတ်လမ်းနေ ဦးဟန်လင်းထွဋ်၏သား အထက ပန်းတောင်း Grade-2မှ မောင်လင်းခန့်ငြိမ်းအား မောင်လင်းခန့်ကိုကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းခန့်ကိုကို**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ လေးရွာဆုံရွာနေ ဦးမျိုးအောင်၏သား မျိုးမြင့်အောင် ၉/မခန(နိုင်)၂၆၄၈၁၁ ၏ နိုင်ငံကူးလက်မှတ် အမှတ် ME-416402 သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၆၉၀၄၉၄၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/36640,Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းနိုင် ၇/လပတ(နိုင်) ၁၅၇၂၉၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/27236, Jialing-90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထက်အောင် ၉/ပကခ(နိုင်)၀၂၆၂၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/1905, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းထက်ထွန်း ၁၄/မအန(နိုင်)၂၁၉၁၀၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/94426, Honda Scoopy-110,M/C ယာဉ်လက်ဝယ်ရှိသူ Khin Thet Htar Co.,Ltd.မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ (၁၅၄)လမ်းအိမ်ရာ၊ တိုက်အမှတ်(၆)၊ အခန်းအမှတ်(၁၀၁)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ခင်မြတ်သူထွန်း ၁၂/တမန(နိုင်)၀၅၇၆၈၉၊ ဒေါ်ခင်သက်ညီထွန်း ၁၂/တမန(နိုင်)၀၉၈၈၈၃၊ ဒေါ်ငုဝါလှိုင် ၁၂/တမန(နိုင်) ၁၀၅၇၅၉နှင့် ဦးရဲရင့်ဟိန်း(ခ)ရဲကိုကိုမင်း ၁၂/တမန(နိုင်)၁၁၆၁၉၇ (၄)ဦးတို့အနက် အဆိုပါအခန်းအား ဒေါ်ခင်သက်ညီထွန်းသို့ ကျန်(၃)ဦးမှ အပြီးအပိုင်စွန့်လွှတ်ပေးကမ်းပြီးဖြစ်ပါသဖြင့် ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင် စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ (၁၅၄)လမ်းအိမ်ရာ၊ တိုက်အမှတ်(၄)၊ အခန်းအမှတ်(၄၀၂)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးမြမောင် (၁၂/တမန(နိုင်)၀၄၄၀၃၅-ဦးစိန်ဝင်း (၁၂/တမန(နိုင်) ၀၄၂၉၅၃တို့ ထံမှ တစ်ဆင့် ဦးကံထွန်း ၁၂/တမန(နိုင်)၀၈၁၀၃၈က ပြန်လည်ဝယ်ယူခဲ့ပြီး မိသားစုအမွေစီမံမှုအရ သမီးဖြစ်သူ ဒေါ်ငုဝါလှိုင် ၁၂/တမန(နိုင်) ၁၀၅၇၅၉သို့ မေတ္တာဖြင့် အပိုင်ပေးကမ်းပြီးဖြစ်၍ ဒေါ်ငုဝါလှိုင်အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်မှုမှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၇/၂)၊ ဦးပိုင်အမှတ် (၂/၉)၊ မြေဧရိယာ (၀.၂၃၄)ဧကရှိ မြေကွက်သည် မူလက ဒေါ်တင်ပုအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၆၉၂ (၃) ၁၉၉၉-၂၀၀၀ အရ (၄-၇-၂၀၁၄)ရက်ထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဒေါ်တင်ပု (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ဂျီးရွယ်)က(၁၂-၇-၂၀၂၃) ရက်စွဲပါ မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၁၆/၂၀၂၃)အရ မူလခြံမြေဧရိယာ (၀.၂၃၄)ဧကအနက် မြောက်ဘက်အခြမ်း ဧရိယာ(၀.၀၅၆)ဧကအား ဒေါ်ခေါင်နန်း ၁/မကန(နိုင်)၁၁၈၂၂၇ (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်အက်စ်ဆိုင်းဘူ) ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ခေါင်နန်းအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅နည်းဥပဒေ - ၂၀ )**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၈**

ဒေါ်အေးစန္ဒာထွန်း နှင့် ဒေါ်ခင်မာချို

(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်-၃၄၃ နေ ဒေါ်ခင်မာချို(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌တရားလိုက ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု "လျှောက်ထားစွဲဆိုသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် (၁၃၈၅ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ရက်)နေ့မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်တွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့် အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးမိုးအောင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၄)ရပ်ကွက်၊ အောင်သီရိလမ်း၊ မြေကွက်အမှတ်(၃၇)ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀'x၆၀')ပေထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေအလျားxအနံ(၂၀'x၆၀')ပေရှိလမ်းနှင့်ကပ်လျက်အခြမ်းထောင့်ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုး အိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် မြေချပါမစ်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်ဝင်း (ISN-527751)ထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှတင် (၁၂/ဥကတ(နိုင်)၀၃၆၆၁၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်သောင်းမြင့် ၁၂/လကန(နိုင်)၂၀၉၄၈၃ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်ကအရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖိုလ်ဖိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀) (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇၊ လူနေရပ်ကွက်အမှတ်-၆/၁၃၊ ဝန်းသိုပန်းခြံလမ်း၊ အမှတ်-၈၂(က)တွင်တည်ရှိသည့် ပေ(၂၀x၆၀)ရေိယာအကျယ်ပမာဏရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေအိမ်အပါ အဝင်အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ မူလအမည်ပေါက် ဒေါ်မေမေမြ (BR 022581)ထံမှ အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခွင့်ရှိ၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဒေါ်ခင်သူဇာစော ၁၂/စခန(နိုင်)၀၀၀၁၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေကို ပေးချေထားပြီးဖြစ်၍ ဤကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဒေါ်တိုးတိုးလွင်**

**လွှဲအပ်ညွှန်ကြားချက်အရ** — **ဒေါ်ယမင်းထွန်း**, **တရားလွှတ်တော်ရှေ့နေ**

**အမှတ်-၆၀(က)၊ ပဒ္မာမြားလမ်း၊ ၅/၅ရပ်ကွက် ၊ ရွှေပြည်သာမြို့နယ်။**

## ဖခင်အမည်ဖြည့်သွင်းထားခြင်းအား ပယ်ဖျက်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခရေအိမ်ရာ၊ တိုက်-၅၄၊ အခန်း-၂၄တွင်နေထိုင်သူ ဒေါ်လဲ့လဲ့နှင်း(ဘ)ဦးအုန်းတင့် ၁၂/သလန(နိုင်)၁၉၇၂၀၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လဲ့လဲ့နှင်းနှင့် နေပြည်တော် ဇေယျာသီရိမြို့နယ် ဗိုလ်ကြီးနိုင်ရဲသူ (၁၀/ကထန(နိုင်)၁၁၀၁၀၉) တို့သည် (၂-၈-၂၀၂၃) ရက်တွင် ပုဗ္ဗသီရိမြို့နယ်တရားရုံး တရားသူကြီးရှေ့မှောက်၌ အမှတ်စဉ် ၄၁/၂၀၂၃ ဖြင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်အား လက်မှတ်ရေးထိုးပြီးဖြစ်၍ ဒေါ်လဲ့လဲ့နှင်း၏သားဖြစ်သူ မောင်သန့်ဝန်းရံထက်၏ ဖခင်အမည် ဦးနိုင်ရဲသူဟု ဖြည့်သွင်းထားခြင်းအား ပယ်ဖျက်ကြောင်း အများသိစေရန်ကြေညာပြီး (၂-၈-၂၀၂၃)ရက်နေ့မှစ၍ ဒေါ်လဲ့လဲ့နှင်းနှင့် သား မောင်သန့်ဝန်းရံထက်တို့သည် ဗိုလ်ကြီးနိုင်ရဲသူနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လဲ့လဲ့နှင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ချယ်ရီမောင် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၄၅၅၉**
**ဖုန်း-၀၉-၇၇၇၁၃၇၆၃၈**
**အမှတ်-၆ရပ်ကွက် လယ်ဝေးမြို့၊**

**ဒေါ်ရွှေးရွှေးထက် (LL.B)**
**(အထက်တန်းရှေ့နေ)**
**စဉ်-၅၀၁၄၃**
**ဖုန်း-၀၉-၄၀၂၆၅၂၉၁**
**ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ မနှင်းနုထွေး ၈/နမန(နိုင်)၁၉၃၉၆၁၏ နိုင်ငံကူးလက်မှတ် ME 225141 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၈၈၇၄၉၄၉**

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက(မောင်းဒီး)ကျောင်း Grade-10 မှ မဇာခြည်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဖြိုး ၁၄/ဝခမ(နိုင်) ၁၇၃၁၂၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊အထက(မောင်းဒီး) ကျောင်း Grade-10 မှ မောင်အာကာစိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းနိုင် ၁၄/ ဝခမ(နိုင်)၂၀၁၄၃၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊အထက(မောင်းဒီး)ကျောင်း Grade-10 မှ မသဇင်မိုး၏ ဖခင်အမည်မှန်မှာ စဆန်းနီ ၁၄/ဝခမ(နိုင်)၁၂၅ ၇၂၀ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/2815, LUOJIA-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ကိုကို ၁၄/ကကန(နိုင်) ၁၂၈၃၁၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/84927, Honda Wave -110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုလှိုင် ၁၄/ပသန(နိုင်)၂၆၆၃၄၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3D/7696,ISUZU BIGHORN UBS 69G.Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်းခိုင် ၁၂/သခန(နိုင်) ၀၇၈၀၂၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ မြေကွက်အမှတ်(၅၂၁)မြေကွက်တည်နေရာ-အမှတ်(၅၂၁)၊ ပုလဲရတနာလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးသွင်မြင့် (TGO- 037424)၊ အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးသွင်မြင့် (ကွယ်လွန်) ၏ (၁) ဒေါ်မီမီသွင်၊ (၂) ဦးဝင်းဇော်ဦး၊ (၃) ဦးမင်းဇော်ဦး၊ (၄)မောင်ဇွဲသီဟဦး၊ (၅)မဝါဆိုမိုးဦးတို့ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၁၁၈၄/၂၀၂၂(၁၄-၂ -၂၀၂၂) ရက်ဖြင့် ပိုင်ဆိုင်ခဲ့ပါသည်။ (၁) ဒေါ်မီမီသွင် ၉/အမရ(နိုင်)၀၃၃၆၆၆၊ (၂) ဦးဝင်းဇော်ဦး ၉/အမရ(နိုင်)၀၃၃၆၆၈၊ (၃) ဦးမင်းဇော်ဦး ၇/တငန(နိုင်)၀၀၀၂၈၆၊ မောင်ဇွဲသီဟဦး ၉/အမရ(နိုင်)၁၅၃၂၅၃ တို့၏ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံ တင်ရုံးအထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၂၄/၂၀၂၂(၉-၂-၂၀၂၂) ရက်ဖြင့်လည်းကောင်း၊ မဝါဆိုမိုးဦးသည် အရွယ်မရောက်သေးသောကြောင့် မိခင် ဒေါ်ဝင်းဝင်းသိန်း ၉/အမရ(နိုင်)၀၃၄၄၂၃ ၏ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၆၀၉/၂၀၂၂(၄-၈-၂၀၂၂) ရက်ဖြင့်လည်းကောင်း၊ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်စွာစောလွင် ၁၂/မရက(နိုင်)၀၄၂၃၃၇ မှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမအထွေထွေမှုအမှတ်-၉၇/၂၀၂၂ တွင် ချမှတ်ထားသည့် အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ(၂၉)အရ ရောင်းချခွင့်ပြုပါရန် လျှောက်ထားသည့် ထုံးပုံကျ အပြီးသတ်အမိန့်၊ အထူးကိုယ်စားလှယ်လွှဲစာ-၂၂၂၄/၂၀၂၂ ဖြင့် ကိုယ်စားလှယ်လွှဲသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာအမှတ် - ၁၄၆၁/၂၀၂၃(၃၁-၅-၂၀၂၃)၊ အထူးကိုယ်စားလှယ်လွှဲစာ ၁၃၆၀၉/ ၂၀၂၂ ဖြင့် ကိုယ်စားလှယ်လွှဲသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာ မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၄၆၂/၂၀၂၃ (၃၁-၅- ၂၀၂၃) နှစ် (၆၀) မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားခြင်းအား မြေပြင်တွင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး SPဦးကျော်စွာစောလွင်မှကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် SP ဦးကျော်စွာစောလွင်၏ မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၇)၊ လူနေ ရပ်ကွက်အမှတ်(၂၀)၊ ဆရာစံလမ်း၊ မြေကွက်အမှတ်(၁၈၉၃/က)၊ မြေအကျယ်(၁၀x၆၀)ပေ မြေပို(၈x၆၀)ပေ(ခေါင်းရင်းခြမ်း)၊ စုစုပေါင်း(၁၈x၆၀)ပေရှိ (ဦးစိန်ဝင်းအမည်ပေါက် မြေချပါမစ်)မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်စာချုပ်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးနိုင်ထွန်းဝင်း ၁၂/အစန(နိုင်)၁၉၅၀၃၁၊ ဒေါ်သက်အိလှိုင် ၁၂/ကမတ(နိုင်)၀၈၉၈၀၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်လှိုင် ၁၂/တမန(နိုင်)၀၀၁၈၉၃ က အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာ တမ်း မူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဒေါ်တင်တင်လှိုင်**, **(၁၂/တမန(နိုင်)၀၀၁၈၉၃)**

**လွှဲအပ်ညွှန်ကြားချက်အရ** — **ဒေါ်ညိုမာထွေး(စဉ်-၁၄၆၇၂)**, **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၇၉/ခ)၊ ခရေလမ်း၊ (၁၅)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၂၀၂၉၄၀၀၄**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အသဃက(၂၅)လမ်း၊ အမှတ်-(၇၅၉)၊ ပထမ ထပ်၊ အကျယ်အဝန်းအလျား ၁၈ပေ x အနံ၅၄ပေ တိုက်ခန်းအား ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲ ပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဦးထွန်းလင်း(၁၂/လမန(နိုင်)၁၃၅၄၉၀)မှ ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မှ ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါ က ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ချိုချိုဝင်း (LL.B, DBL) အထက်တန်းရှေ့နေ (စဉ်-၅၃၀၆၆)**
**အမှတ် ၈၄၊ ဒုတိယထပ်၊ မလွှကုန်းလမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၅၉၂၇၇၈**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၆-ခ/၂)၊ ဦးပိုင်အမှတ်(၈၇/၁)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိမြေကွက်သည် မူလက ဒေါ်ကျင်မြိုင်အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၈၃၄/V ၁၉၉၁-၁၉၉၂အရ(၃၀-၆-၂၀၂၂)ရက်အထိနှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဒေါ်တင်မြိုင်(ခ)ကျင်မြိုင် ၁/မကန(နိုင်)၀၆၄၅၁၉ သည် ၎င်း၏သားသမီးများဖြစ်သည့် ဒေါ်သင်းသင်းအေး ၁/မကန(နိုင်)၀၃၃၉၀၅ နှင့် ဒေါ်စပါယ်နိုင် ၁/မကန(နိုင်)၀၃၃၉၀၆ (၂)ဦး၏အမည်အား ဖြည့်စွက်၍ မြေငှားဂရန်လျှောက်ထားလာပါသည်။ သို့ဖြစ်ပါ၍ ဒေါ်တင်မြိုင်(ခ)ဒေါ်ကျင်မြိုင်ပါ (၃)ဦးအမည်ဖြင့် မြေငှားဂရန်(အမည်ဖြည့်စွက်/သက်တမ်းတိုး) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်နေ့အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၃၇၃ )**

**ပျဉ်းမနားခရိုင် တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၄၇**

ကွယ်လွန်သူ ဦးအောင်နိုင်၏ ကျန်ရစ်သော ပစ္စည်းအကြောင်း ။

ဒေါ်အိချိုသဲ လျှောက်သူ

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေကွက်အမှတ် (၉၉၀)၊ (၁၇)လမ်းနေ ဒေါ်အိချိုသဲက ကွယ်လွန်သူ ဦးအောင်နိုင်၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေကွက်အမှတ် (၉၉၀)၊ (၁၇)လမ်းနေ ၎င်းကွယ်လွန်သူ ဦးအောင်နိုင်မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးအောင်နိုင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၃ ခုနှစ်၊ ဩဂုတ် လ ၁၄ ရက်(၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ရက်)တွင်လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်အိချိုသဲ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းနိုင် )
**ခရိုင်တရားသူကြီး**
**ပျဉ်းမနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၇/ရွှေနံ့သာအနောက်ရပ်၊ မြေဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်အမှတ် (ဥ-၇၃၃)၊ ဦးမောင်ဇော်ဌေး(ဘ) ဦးလှဆောင် ၉/ပမန(နိုင်)၂၂၃၅၅ အမည်ပေါက်၊ ပါမစ်မြေကွက်ကို ဒေါ်ဆွေဆွေအောင်(ဘ)ဦးသိန်းမြင့် ၁၂/ဥကမ(နိုင်)၁၉၁၈၂၆မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်း အဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်)၊ မြေကွက်အမှတ် (ပ-၃၂၇၈၆)၊ အကျယ်အဝန်း(၆၁x၄၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရောက်ပိုင်ဆိုင်ထားသူ ဒေါ်ချောအိငွေ ၁၂/ဒဂမ(နိုင်)၀၀၈၄၂၂ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သက်သက်ဦး ၁၂/လမတ(နိုင်)၀၀၄၁၄၃က (၃၁-၇-၂၀၂၃) ရက်တွင် အပြီးပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်သက်ဦးထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့် ကွက်မည့်သူမရှိခဲ့ပါက အပြီးသတ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သက်သက်ဦး**
**၁၂/လမတ (နိုင်)၀၀၄၁၄၃**
**ဖုန်း- ၀၉-၂၀၄၂၁၇၈**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးချစ်ဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၈၉)**
**အမှတ် (၇၂၃၂)၊ ကျိုင်းတုံလမ်း၊**
**ဇဝနသိဒ္ဓိ ရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊**
**နေပြည်တော်။**
**ဖုန်း-၀၉-၇၉၉၁၂၃၁၀၀**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၈ မြေကွက်အမှတ်-၁၆၊ မောရဝတီလမ်း၊ အကျယ်အဝန်း(အလျား၄၀ပေ x အနံ ၆၀ပေ)ရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်သည် သက်ဆိုင်ရာအစိုးရ မြို့မြေစာရင်းတွင် ဦးမျိုးအောင် V/RGN-၀၀၄၁၆၅အမည်ဖြင့် ချထားပေးသည့်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ဦးမျိုးအောင်ထံမှ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဒေါ်မြတ်မြတ်ချို ၆/မအရ(နိုင်)၀၅၆၀၅၂မှ(၁၉၉၇) ခုနှစ်ကတည်းက ဝယ်ယူခဲ့ပြီး၊ ယနေ့တိုင် လက်ဝယ်ထားရှိ ပိုင်ဆိုင်လျက်ရှိပါသည်။

အထက်ပါမြေကွက်နှင့်ပတ်သက်၍ ဌာနဆိုင်ရာအသီးသီးတွင် အခြားသူတစ်ဦးတစ်ယောက်ကမျှ အမည်ပေါက် လျှောက်ထားခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်အေးမာ (LL.B, D.B,L, D.I.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၆)**

**ဦးသိန်းလင်းထွန်း (LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၄၈၇၄၃)**

**အမှတ်(၄၆၇)၊ တပင်ရွှေထီးလမ်း၊ (၃၉/A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၃၉၄၇၀**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## အသိပေးကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ တောင်ပြုံးကြီးရွာရှိ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင်တောင်ပြုံးဆုတောင်းပြည့်၊ ဆုတောင်းရ မြတ်စွာဘုရား ဗုဒ္ဓပူဇာနိယဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် တောင်ပြုံးအရှင်နှစ်ပါးပွဲတော်ကို ၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၈ ရက်မှ ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသောကြောင့် ဘုရားဖူးတိုင်းရင်းသားပြည်သူများ၊ ရိုးရာဓလေ့ကိုးကွယ်သူများ လာရောက်ရောင်းချကြသော ဈေးသူဈေးသားများအား စိတ်အေးချမ်းသာစွာဖြင့် လာရောက်နိုင်ကြရန် ပွဲတော်ကျင်းပရေးကော်မတီမှ လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**ပွဲတော်ကျင်းပရေးကော်မတီ**
**တောင်ပြုံးကျေးရွာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/ 47571 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ခိုင်ဦး ၁၄/ပတန(နိုင်)၀၀၀၅၃၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)**
**မအူပင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 60W/ 87014 Dayang 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်းအိ ၈/မကန (နိုင်) ၁၈၂၈၂၈ က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 43W/1925 Yunde 125 ယာဉ်လက်ဝယ်ရှိသူ ဦးအေးလွင် ၈/မဘန (နိုင်) ၀၂၄၂၂၈ က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပန်းတနော်မြို့၊ အနောက်ပိုင်းရပ်ကွက်၊ အကွက်အမှတ်(၂)၊ အကွက်အမည်-အနောက်ပိုင်း၊ ဦးပိုင်အမှတ် (၄) မြေကွက်အမှတ် (၅၂ + ၅၃)၊ ဧရိယာ ၀ ဒသမ ၀၅၁ ဧကရှိ ဘိုးဘပိုင်မြေ မူလအမည်ပေါက် ဦးညွန့်ဝေ-ဒေါ်စိုးစိုးသန်း အမည်မှ ဒေါ်စိုးစိုးသန်း အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပန်းတနော်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ကန့်ကွက်နိုင်ပါကြောင်း။

**မြို့နယ်လယ်ယာမြေ**
**စီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာနမှူး**
**ပန်းတနော်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၉)၊ ဦးပိုင်အမှတ်(၁၄+၂၃)၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြား၊ ၄၂ လမ်းနှင့် ၄၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘဌေးချစ် ၉/မထလ (နိုင်)၀၁၁၀၃၀ ၎င်း၏ (GP ရသူ ဒေါ်လွေးရွှေအောင်၊ ဒေါ်နန်းသိန်းမြ) တို့က ယင်းမြေကွက်၏ ဂရန်မူရင်းနှင့်ပိုင်ဆိုင်မှုစာရွက်စာတမ်းများမှာ အသိမ်းလွန်၍ ပျောက်ဆုံးကြောင်း (ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး)ထောက်ခံချက်များတင်ပြ၍ မြေရာဇဝင်(၁-က) မှတ်တမ်းတွင် ဦးဘဌေးချစ်အမည်ပေါက်မှတ်သားခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(လ-၂)၊ ဦးပိုင်အမှတ်(၆၀)၊ ၇၃ လမ်း ၊ ၆၃ လမ်းနှင့် ၆၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးနာရင်ဒရာနတ်ဒတ်(စ်) ၉/ခအဇ(နိုင်) ၀၀၁၇၁၈ ၏ (SP ရသူ ဒေါ်လှမြင့်) က အမည်ပေါက်သူ ဦးနာရင်ဒရာနတ်ဒတ်(စ်)၏မှတ်ပုံ တင်၊အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ၎ားရမ်း၍မရကြောင်း တင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၁၆၁/၂၀၂၃-၂၀၂၄) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ (၂)လမ်း၊ (၅/၃၁)နေ ဦးဝေါင်ရှောင်အောင် (ခ) စိုင်းဆမ် ၏သားထွေး စိုင်းရှဲန်၁၃/တခလ(နိုင်) ၀၈၈၈၂၃ သည် မိဘဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိဘများအား အမျိုးမျိုး စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိဘမသိသော ကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပက်သက်သည့် ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေါင်ရှောင်အောင်(ခ)စိုင်းဆမ်**
**၁၃/တခလ(နိုင်)၀၁၅၂၉၇**

## အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံခွင့်ဥပဒေပုဒ်မ-၃၇၃) လယ်ဝေးခရိုင်တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၃၄

**ကွယ်လွန်သူ ဒေါ်ညိုအေး၏ ကျန်ရစ်သောပစ္စည်းအကြောင်း**

၁။ ဒေါ်သန်းမြင့် **လျှောက်ထားသူများ**
၂။ ဦးမောင်စိုး
၃။ ဒေါ်ခိုင်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကျေးရွာအုပ်စု၊ တပ်ပိုးကျေးရွာနေ ၁။ ဒေါ်သန်းမြင့်၊ ၂။ ဦးမောင်စိုး၊ ၃။ ဒေါ်ခိုင်တို့က ကွယ်လွန်သူ ဒေါ်ညိုအေး၏ တရားဝင်သား၊ သမီးများဖြစ်သည်ဟူ၍ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကျေးရွာအုပ်စု၊ တပ်ပိုးကျေးရွာနေ ၎င်းကွယ်လွန်သူ ဒေါ်ညိုအေးမှာ ကျန်ရစ်သောပစ္စည်းများထဲမှ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)အမည်ပြောင်းလျှောက်ထားရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်ညိုအေး ကျန်ရစ်သော လယ်ယာမြေပစ္စည်းများပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၃ ရက်(၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၇ ရက် ) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူများ၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းနိုင်ထွေး)**
**ခရိုင်တရားသူကြီး**
**လယ်ဝေးခရိုင်တရားရုံး**

## ကရင်ပြည်နယ်အစိုးရအဖွဲ့ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြည့်စွက်ခန့်ထားနိုင်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကြီးကြပ်မှုအောက်ရှိ မြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့များတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ဝန်ထမ်းအသစ်များ (ဒေသခံဦးစားပေး)ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် လျှောက်ထားနိုင်ပါသည်-

(က) အငယ်တန်းစာရေး (၁၀) ဦး
(လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)
(ခ) ဒု-လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁) ဦး
(လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)
(ဂ) အခွန်ကောက်(၅) (၁၆) ဦး
(လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)
(ဃ) ယာဉ်မောင်း(၅) (၄) ဦး
(လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)
(င) ရုံးအကူ/စာပို့ (၇) ဦး
(လစာနှုန်း ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)
(စ) အစောင့်၊ စည်ပင်သာယာလုပ်သား(၃) (၁၃) ဦး
(လစာနှုန်း ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) အငယ်တန်းစာရေးရာထူးအတွက် အစိုးရတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိ ထားသူဖြစ်ရမည်။
(ဂ) ဒု-လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးအတွက် အစိုးရတက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ကွန်ပျူတာပညာဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်ရရှိပြီးသူဖြစ်ရမည်။
(ဃ) အခွန်ကောက်(၅) ရာထူးအတွက် အစိုးရအထက်တန်းကျောင်းတစ်ခုခုမှ အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
(င) ယာဉ်မောင်း(၅) ရာထူးအတွက် အစိုးရအထက်တန်း/အလယ်တန်းကျောင်းတစ်ခုခုမှ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီး ယာဉ်မောင်းလိုင်စင်ရရှိပြီးသူ ဖြစ်ရမည်။
(စ) ရုံးအကူ/စာပို့ရာထူးအတွက် အစိုးရအခြေခံပညာအထက်တန်းကျောင်းတစ်ခုခုတွင် အခြေခံပညာအထက်တန်းအဆင့် တက်ရောက်ဖူးသူဖြစ်ရမည်။
(ဆ) အစောင့်နှင့် စည်ပင်သာယာလုပ်သား(၃)ရာထူးအတွက် အစိုးရအခြေခံပညာအထက်တန်း/အလယ်တန်းကျောင်း တစ်ခုခုမှ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
(ဇ) ၁-၄-၂၀၂၃ ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဈ) ကရင်ပြည်နယ်အတွင်း မည်သည့်မြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့တွင်မဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပြည့်စုံစွာပူးတွဲပါရှိရမည်-
(က) ဘွဲ့လက်မှတ်/ကျွမ်းကျင်မှုလက်မှတ်(မိတ္တူ)
(ခ) အခြေခံပညာအလယ်တန်း/အထက်တန်းကျောင်း ထောက်ခံချက်(မိတ္တူ)
(ဂ) မှတ်ပုံတင်(မိတ္တူ)၊ အိမ်ထောင်စုစာရင်း(မိတ္တူ)
(ဃ) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ (တစ်လအတွင်းရရှိသည့်ထောက်ခံချက်)(မူရင်း)
(င) ကျန်းမာကြောင်း ဒေသန္တရဆေးစစ်ချက်ပုံစံ(မူရင်း)
(စ) အလုပ်သမားမှတ်ပုံတင်(မူရင်းနှင့်မိတ္တူ)
(ဆ) ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၅)ပုံ
(ဇ) ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တွင် အနည်းဆုံး(၅)နှစ်တာဝန်ထမ်းဆောင်နိုင်ကြောင်းဝန်ခံကတိ။

၄။ လျှောက်လွှာများကို ၈-၉-၂၀၂၃ ရက်၊ ညနေ ၁၆:၀၀ နာရီနောက်ဆုံးထား၍ ပြည်နယ်/မြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် စာရင်းပေးသွင်း လျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၅၈-၂၁၆၈၃ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးသန်းထွန်း ၁၂/ကတတ(နိုင်)၀၁၁၂၄၁ (ဘ) ဦးဘိုးကြိုင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၁၂၆၂) ကိုနေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၁၆၂၂/၂၀၂၀ (၉-၉-၂၀၂၀) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဝင်းမြင့်ထွန်း ၈/တတက(နိုင်)၀၉၂၇၀၂ (ဘ) ဦးကျော်လေးမှ ဒေါ်နန်းတွမ်း ၁၀/သထန(နိုင်)၀၁၂၄၁၄ နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀) လှည်းကူးမြို့နယ်တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၆

ဒေါ်တင်တင်စိုး **နှင့်** ၁။ ဦးကံညွန့်
၂။ ဒေါ်ဝင်းမာ
**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ရုံးပိုင်းရပ်၊ အမှတ်-၆၆၆ နေ ဦးကံညွန့် နှင့် လှည်းကူးမြို့နယ်၊ ရုံးပိုင်းရပ်ကွက်၊ အမှတ် ၂၄၆ နေ ဒေါ်ဝင်းမာ( ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

